မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၁၀ ]** ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၈/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးကျော်ဆွေလင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန |
| (၂) | ဒေါက်တာအယ်လ်တူးမိန်းဂေါင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်<br>စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ညွှန်ကြားချက်အမှတ် ၂/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

**စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်း**

**နိဒါန်း**

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan-MSDP) တွင် ပါရှိသော မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရဌာနများက အစိုးရ-ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုပုံစံ၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည့်ပုံစံ၊ ဖွံ့ဖြိုးမှုအကူအညီများဖြင့် ဆောင်ရွက်မည့်ပုံစံ၊ အခြားထောက်ပံ့မှုပုံစံများဖြင့် ဆောင်ရွက်မည့် စီမံကိန်းများကို "စီမံကိန်းဘဏ် (Project Bank)" တွင် ထည့်သွင်း၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ စီမံကိန်းဘဏ်အတွင်းရှိ စီမံကိန်းများကို တိကျသောလုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်**

၁။ (က) **လုပ်ငန်းကိစ္စရပ်** (Business Case) ဆိုသည်မှာ စီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် ဆန်းစစ်အကဲဖြတ်ခြင်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် သတ်မှတ်ကာလအတွင်း အဆိုပါစီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုမှ စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ပြန်လည်ရရှိမှုနှုန်း (Economic and Financial Internal Rate of Return)၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအပေါ် အခြေခံ၍ စီမံကိန်းအတွက် လျာထားကုန်ကျစရိတ်နှင့် ဝင်ငွေစသည့် အချက်များအား ဦးတည်တွက်ချက်ခြင်းလည်း ပါဝင်သည်။

(ခ) **ကော်ပိုရေးရှင်း အသွင်ကူးပြောင်းခြင်း**ဆိုသည်မှာ အစိုးရပိုင်စီးပွားရေးလုပ်ငန်းများကို အစိုးရ သို့မဟုတ် အစိုးရဌာနမှ သီးခြားခွဲထုတ်၍ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ သို့မဟုတ် အထူးကုမ္ပဏီအက်ဥပဒေအရ ရှယ်ယာများ ရောင်းချနိုင်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (State-owned Economic Enterprise-SEE) အဖြစ် တည်ထောင်ခြင်းကို ဆိုသည်။

(ဂ) **ဖွံ့ဖြိုးမှုအကူအညီ**ဆိုသည်မှာ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ကာ မြန်မာနိုင်ငံ၏ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးမှုကိစ္စရပ်များအတွက် နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများမှ ပေးအပ်လာသော ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကို ဆိုသည်။

(ဃ) **ပုဂ္ဂလိကသို့ ရှယ်ယာလွှဲပြောင်းပေးမှု** (Equitization) ဆိုသည်မှာ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခု၏ ပိုင်ဆိုင်မှုရှယ်ယာတစ်စိတ်တစ်ပိုင်း သို့မဟုတ် အလုံးစုံကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးသည့် လုပ်ငန်းစဉ်ကို ဆိုသည်။

(င) **အစိုးရ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကို ဆိုသည်။

( စ) **Greenfield** ဆိုသည်မှာ ယခင်ကရင်းနှီးမြှုပ်နှံမှု လုံးဝမလုပ်ဆောင်ရသေးသော သို့မဟုတ် ယခင်ရင်းနှီးမြှုပ်နှံမှုများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော ပုံစံ သို့မဟုတ် ဧရိယာနယ်ပယ်တွင် လုပ်ဆောင်သည့် မည်သည့်ရင်းနှီးမြှုပ်နှံမှုမျိုးကိုမဆို ဆိုသည်။

(ဆ) **စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်အစိုးရအဖွဲ့အစည်း**ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ လက်အောက်ရှိ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနဆိုင်ရာအဖွဲ့အစည်းကို ဆိုသည်။

(ဇ) **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (Ministry of Planning and Finance-MOPF)** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဈ) **မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ဆိုသည်။

(ည) **နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (National Economic Coordination Committee-NECC)** ဆိုသည်မှာ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၆ အရ ဖွဲ့စည်းထားသည့်ကော်မတီကို ဆိုသည်။

(ဋ) **ဖြစ်နိုင်ခြေများအားကြိုတင်လေ့လာဆန်းစစ်ချက် (Pre-Feasibility Study)** ဆိုသည်မှာ စီမံကိန်းတစ်ခု အောင်မြင်ပြီးမြောက်ရန်အတွက် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းများကို ရှာဖွေနိုင်ရန် ဈေးကွက်၊ နည်းပညာ၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ ဥပဒေရေးရာ၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အချက်အလက်များအား ကြိုတင်လေ့လာ ဆန်းစစ်မှုများ ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဌ) **စီမံကိန်း**ဆိုသည်မှာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) အတွက် အဓိကရည်မှန်း၍ မြန်မာကျပ်ငွေ သန်း ၂၀၀၀ အနိမ့်ဆုံးထား၍ သုံးစွဲရန် ရှင်းလင်းစွာ ဖော်ပြထားသည့် စီမံကိန်းကို ဆိုသည်။

(ဍ) **စီမံကိန်းဘဏ်**ဆိုသည်မှာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း (MSDP) နှင့် မဟာဗျူဟာလုပ်ငန်း အစီအမံများကို အကောင်အထည် ဖော်ရာတွင် အစိုးရအဖွဲ့အစည်းများက ရေးဆွဲထားသော စီမံကိန်းများ ပါဝင်သည့် အများပြည်သူ ဝင်ရောက်ကြည့်ရှု အသုံးပြုနိုင်သော ဝက်ဘ်အခြေခံဒေတာ အဆောက်အဦ သို့မဟုတ် စီမံကိန်းအချက်အလက်များ သိမ်းထားသည့်ဘဏ်ကို ဆိုသည်။

(ဎ) **အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (PPP)** ဆိုသည်မှာ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းတို့အကြား ပြည်သူပိုင်ပစ္စည်းများအတွက်သော်လည်းကောင်း၊ အခြေခံ အဆောက်အအုံ ဆောက်လုပ်မှုအတွက်လည်းကောင်း၊ ပြည်သူ့ရေးရာဝန်ဆောင်မှုများ အတွက်သော်လည်းကောင်း သဘောတူညီချက် စာချုပ်ချုပ်ဆို၍ ပူးပေါင်းလုပ်ဆောင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းစဉ်ဖြစ်သည်။ ယင်းပူးပေါင်းဆောင်ရွက်မှုသည် ယေဘုယျအားဖြင့် အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေခံအဆောက်အအုံနှင့် ပြည်သူ့ရေးရာ ဝန်ဆောင်မှုများ၏ ငွေရေးကြေးရေး၊ ဒီဇိုင်းရေးဆွဲခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်း (နှင့်/သို့မဟုတ်) လုပ်ငန်းလည်ပတ်မှုကို စီမံခန့်ခွဲခြင်းတို့အပါအဝင် အခြား ကိစ္စရပ်များတွင် အစိုးရ၏ ငွေလုံးငွေရင်းအသုံးပြုမှုနှင့် လုပ်ငန်းလည်ပတ်သော ကုန်ကျစရိတ် တို့ကို လျှော့ချနိုင်ရန်သာမက ပိုမိုကောင်းမွန်သော ပြည်သူပိုင်ပစ္စည်းများနှင့် ပြည်သူ့ရေးရာ

ဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် လုပ်ဆောင်ခြင်းကို ဆိုသည်။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများတွင် အောက်ဖော်ပြပါ နည်းလမ်းများအပြင် အလားတူ အခြားနည်းလမ်းများလည်း ပါဝင်သည် -

(၁) **အဆင်သင့်ဖြစ်စေရန်စီစဉ်မှုအတွက်ငွေပေးချေမှု (Availability Payment)** ဆိုသည်မှာ စီမံကိန်းကာလပြီးဆုံးချိန်အထိ ခန့်မှန်းတွက်ချက်ထားသော ကုန်ကျစရိတ်ကိုအစိုးရက သက်ဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းသို့ ငွေအရစ်ကျ ပေးချေရသည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံအမျိုးအစားဖြစ်သည်။ ယင်း ပူးပေါင်းဆောင်ရွက်မှုတွင် ပုဂ္ဂလိကအဖွဲ့အစည်းအနေဖြင့် ဝန်ဆောင်မှု သို့မဟုတ် အခြေခံအဆောက်အအုံ ဆောက်လုပ်မှုအတွက် ဒီဇိုင်းဆွဲခြင်း၊ ဆောက်လုပ်ခြင်း၊ ငွေရေးကြေးရေးစီမံခန့်ခွဲခြင်း၊ စီမံကိန်းစီမံခန့်ခွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို တာဝန်ယူရသည်။ သို့သော် ပုဂ္ဂလိကအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များတွင် ယင်းဝန်ဆောင်မှု သို့မဟုတ် အဆောက်အဦကို အသုံးပြုသူဦးရေ၊ ဝယ်လိုအားဆိုင်ရာ စွန့်စားရမှု (Demand Risk)၊ အသုံးပြုခကောက်ခံမှုတို့ မပါဝင်ပါ။ ထို့အပြင် အစိုးရအနေဖြင့် ငွေပေးချေရာတွင် မတည်ရင်းနှီးငွေနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကုန်ကျစရိတ်များကို ထည့်သွင်း၍ တွက်ချက်ပေးရမည်ဖြစ်သည်။ ပုဂ္ဂလိကအဖွဲ့အစည်းအနေဖြင့် မိမိ၏ လုပ်ငန်းဝန်ဆောင်မှု အရည်အသွေး၊ လုပ်ငန်းဆောင်ရွက်ချက်များ အချိန်မီပြီးဆုံးမှု ရှိ မရှိတို့ကို ကာလအပိုင်းအခြားအလိုက် အကဲဖြတ်ခြင်းခံရပြီး လုပ်ငန်းအရည်အသွေး သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိပါက အခကြေးငွေနုတ်ယူခြင်း၊ အရည်အသွေးပိုမိုကောင်းမွန်ပါက တိုးမြှင့်ခြင်းတို့ကို ထည့်သွင်းစဉ်းစား၍ အရစ်ကျပေးချေမှု ပမာဏကို အလျှော့အတင်းပြုနိုင်သည်။

(၂) **Build-Own-Operate (BOO)** ဆိုသည်မှာ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူမှ အဆောက်အအုံတစ်ခုကို ဆောက်လုပ်ပြီးနောက် ပိုင်ဆိုင်ခွင့်နှင့် လုပ်ငန်းလည်ပတ်ခွင့်ရှိစေမည့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပုံစံအမျိုးအစား ဖြစ်ပါသည်။ စာချုပ်တွင် သတ်မှတ်အချိန်ကာလအတွင်း အစိုးရက ပြန်လည်ဝယ်ယူရန် နှစ်ဦးနှစ်ဖက်သဘောတူညီမှုမရှိပါက ယင်းအဆောက်အအုံကို ပုဂ္ဂလိကအနေဖြင့် အချိန်အကန့်အသတ်မရှိ ပိုင်ဆိုင်နိုင်၍ အကျိုးအမြတ်ရယူကာ လုပ်ငန်းလည်ပတ်ခွင့်ရရှိစေမည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံအမျိုးအစား ဖြစ်ပါသည်။

(၃) **Build-Operate-Transfer (BOT)** ဆိုသည်မှာ နိုင်ငံတော်အတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်မည့် စီမံကိန်းကို စီမံကိန်းမတည်သူအား အစိုးရက လုပ်ငန်းလုပ်ကိုင်ခွင့်ပေး၍ စီမံကိန်းကို ကိုယ်တိုင်တည်ဆောက်ပိုင်ဆိုင်လည်ပတ်စေပြီး စီမံကိန်းသက်တမ်းကုန်သည့်အခါ အစိုးရသို့ ပြန်လည်လွှဲပြောင်းရသည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံကို ဆိုသည်။

(၄) **Build-Transfer-Lease (BTL)** ဆိုသည်မှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူမှ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ဆောက်လုပ်ပြီးနောက် အဆောက်အအုံပိုင်ဆိုင်ခွင့်ကို အစိုးရသို့ လွှဲပြောင်းပေးခြင်းနှင့် မိမိရရှိထားသည့် သတ်မှတ်အချိန်ကာလအတွင်း လုပ်ငန်းလည်ပတ်ခွင့်ကို အစိုးရအဖွဲ့အစည်းထံသို့ ငှားရမ်းခြင်းတို့ လုပ်ဆောင်နိုင်သည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ အမျိုးအစား ဖြစ်ပါသည်။ စာချုပ်တွင် သတ်မှတ်ထားသည့် အချိန်ကာလအတိုင်း အစိုးရအဖွဲ့အစည်းက ပုဂ္ဂလိကအဖွဲ့အစည်းသို့ ငှားရမ်းခပေးချေရမည်ဖြစ်ပါသည်။

(၅) **Build-Transfer-Operate (BTO)** ဆိုသည်မှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူမှ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ဆောက်လုပ်ပြီးနောက် အဆောက်အအုံကို အစိုးရသို့ လွှဲပြောင်းပေးခြင်းနှင့် လုပ်ငန်းလည်ပတ်မှုကို သတ်မှတ်အချိန်ကာလ တစ်ခုအထိ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူက လုပ်ဆောင်ခွင့်ရသည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ အမျိုးအစား ဖြစ်ပါသည်။

(၆) **Operation and Management (O&M)** ဆိုသည်မှာ အစိုးရပိုင်လုပ်ငန်းတစ်ခု၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် လုပ်ငန်းတစ်ခုလုံး၏ လည်ပတ်မှုနှင့် စီမံခန့်ခွဲမှုကို သတ်မှတ် အချိန်ကာလ တစ်ခုအတွင်း ပုဂ္ဂလိက အဖွဲ့အစည်းက တာဝန်ယူရသည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံအမျိုးအစား ဖြစ်ပါသည်။ ဤ အမျိုးအစားတွင် ပုဂ္ဂလိကအနေဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ရန် တာဝန်မရှိပါ။

(၇) **အခြားအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံအမျိုးအစားများ**ဆိုသည်မှာ အထက်တွင် ဖော်ပြထားသည့် အမျိုးအစားများအပြင် အခြားမူကွဲပုံစံများကိုလည်း ဆိုလိုပါသည်။ အဆိုပါ မူကွဲပုံစံများတွင် ဥပမာ Design-Build-Operate ပုံစံ၊ Design-Build-Finance-Operate-Transfer ပုံစံတို့ ပါဝင်သည်။

(ဏ) **အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center)** ဆိုသည်မှာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအတွင်း ဖွဲ့စည်းထားသည့် အထူးပြုအဖွဲ့အစည်းဖြစ်သည်။

(တ) **အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း (PPP Unit)** ဆိုသည်မှာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများအတွင်း ဖွဲ့စည်းထားသည့် အထူးပြုအဖွဲ့အစည်း ဖြစ်သည်။

(ထ) စိစစ်ရေးဆိုင်ရာအညွှန်း **(Screening Tool)** ဆိုသည်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဖော်ထုတ်ရေးဆွဲထားသော စိစစ်ရေးဆိုင်ရာ အညွှန်းဖြစ်ပြီး စီမံကိန်းတစ်ခုသည် စီမံကိန်းဘဏ်မှ သတ်မှတ်ထားသည့် စံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ ကို တိုက်ဆိုင်စစ်ဆေးနိုင်မည့် အညွှန်းကို ဆိုသည်။

( ဒ ) **အစိုးရ၏ ဖိတ်ခေါ်မှုဖြင့် လက်ခံရရှိသော စီမံကိန်းအဆိုပြုလွှာ (Solicited Proposal)** ဆိုသည်မှာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း၏ ကြီးကြပ်မှုဖြင့် ဖိတ်ခေါ်သည့် ယှဉ်ပြိုင်မှုရှိသော တင်ဒါလုပ်ငန်းစဉ်များအတွင်း တင်ဒါအဖြစ် လက်ခံရရှိသည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းအဆိုပြုလွှာ **(Project Proposal)** ကို ဆိုသည်။

( ဓ ) **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေ အရ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းကို ဆိုသည်။

( န ) **မဟာဗျူဟာမြောက်လုပ်ငန်းအစီအမံများ**ဆိုသည်မှာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) တွင် ဖော်ပြထားသည့် မဟာဗျူဟာများ၊ ရည်မှန်းချက်များနှင့် မဏ္ဍိုင်များကို အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အပံ့ပြု ထားသော လုပ်ငန်းအစီအမံများကို ဆိုသည်။

( ပ ) **ဆွစ်ယှဉ်ပြိုင်တင်ဒါခေါ်ခြင်း (Swiss Challenge)** ဆိုသည်မှာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု စီမံကိန်းများတွင် ပုဂ္ဂလိက၏ ဦးဆောင်ပါဝင်မှုကို အားပေးသည့် အစိုးရ၏ ဝယ်ယူရေးဆိုင်ရာ အစီအစဉ်ဖြစ်သည်။ အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ ပုဂ္ဂလိကအဖွဲ့အစည်း တစ်ခုခုက မိမိဆန္ဒအလျောက် စီမံကိန်းအဆိုပြုလွှာတစ်ခုကို တင်သွင်းလာပါက ယင်းစီမံကိန်းကို အကောင်အထည်ဖော်လိုလျှင် သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းအနေဖြင့် Swiss Challenge ပုံစံအသုံးပြု၍ စီမံကိန်း အဆိုပြုလွှာများ ယှဉ်ပြိုင်တင်သွင်းမည့် အဖွဲ့အစည်းများအား တင်ဒါဖိတ်ခေါ်ကာ ဆောင်ရွက်သည့်ပုံစံကို ဆိုသည်။

( ဖ ) **အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာ (Unsolicited Proposal)** ဆိုသည်မှာ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက တင်ဒါခေါ်ယူခြင်းမပြုမီ

ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုခုက မိမိတို့ လုပ်ဆောင်လိုသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု စီမံကိန်းကို ရေးဆွဲတင်ပြသော စီမံကိန်း အဆိုပြုချက်ကို ဆိုသည်။

(ဗ) **ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ် (၆၆/၂၀၁၆) ဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

ဤညွှန်ကြားချက်ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရကအကောင်အထည်ဖော်မည့် မဟာဗျူဟာမြောက်လုပ်ငန်းအစီအမံများအား ကြိုတင် တွက်ဆနိုင်ပြီး ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ယင်းစီမံချက်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို အကောင်အထည်ဖော်နိုင်ရန်၊

(ခ) သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများအကြား စီမံကိန်းဖော်ဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ် များတွင် ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုအားကောင်းလာစေရန်၊

(ဂ) နိုင်ငံတော်၏ အရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်စေမည့်အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု (PPP) များနှင့် ပုဂ္ဂလိကသို့ အစုရှယ်ယာလွှဲပြောင်းပေးမှု (Equitization) နည်းလမ်း တို့ဖြင့် သင့်လျော်သော ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သူများကို ပိုမိုတက်ကြွစွာ ဆွဲဆောင်ဖိတ်ခေါ် နိုင်ရန်၊

(ဃ) ယှဉ်ပြိုင်မှုရှိသော တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်များ သို့မဟုတ် Swiss Challenge ပုံစံ တင်ဒါ လုပ်ငန်းစဉ်များကို အားပေးခြင်းဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများ၏ အရည်အသွေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်။

## အခန်း (၃)
## စီမံကိန်းဘဏ် ထူထောင်ခြင်း

၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့် အစိုးရအဖွဲ့အစည်းများက တင်သွင်းလာသော စီမံကိန်းများ ထည့်သွင်းပါဝင်သည့် စီမံကိန်းဘဏ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၂။ စီမံကိန်းဘဏ်၏ ရည်ရွယ်ချက်မှာ "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း" ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် အားကောင်းသည့် စီမံကိန်းများ ထွက်ပေါ်လာစေရန်ဖြစ်ပြီး အောက်ပါနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်-

(က) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များ အောင်မြင်စေရန် လိုအပ်သည့် ဦးစားပေး စီမံကိန်းများပါဝင်သော နိုင်ငံတော်စီမံချက်နှင့် စီမံကိန်းများကို ပွင့်လင်းမြင်သာစွာထုတ်ပြန်ခြင်း၊

(ခ) စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများအကြား ထိရောက် လျင်မြန်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်စေမည့် လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်း။

၃။ စီမံကိန်းဘဏ် စီမံကိန်းနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စီမံကိန်းသတင်းအချက်အလက်များဆိုင်ရာ စီမံကိန်းဘဏ်ထူထောင်ခြင်း၊

(ခ) စီမံကိန်းဘဏ်တွင်ထည့်သွင်းမည့် စီမံကိန်းများကိုရွေးချယ်ခြင်း၊

(ဂ) စီမံကိန်းဘဏ်ကို အများပြည်သူဝင်ရောက်ကြည့်ရှု လေ့လာနိုင်သော ဝက်ဘ် အခြေခံစီမံကိန်း သတင်းအချက်အလက်များ သိုမှီးရာနေရာအဖြစ် ထူထောင်ခြင်း၊

(ဃ) သတင်းအချက်အလက်အပြည့်အစုံကို စီမံကိန်းဘဏ်အတွင်းသို့ သုံးလတစ်ကြိမ်ပုံမှန်စာရင်းသွင်းခြင်း၊

(င) ဤညွှန်ကြားချက်ပါ အချက်များကို စီမံကိန်းနှင့် အကျုံးဝင်သူများအားလုံးက တစ်ပြေးညီ အသုံးချလိုက်နာမှုရှိစေရန် လုပ်ဆောင်ခြင်းနှင့် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီထံ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း။

၄။ စီမံကိန်းဘဏ်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့် အစိုးရအဖွဲ့အစည်းများက မဟာဗျူဟာမြောက်လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရန် ဆောင်ရွက်မည့် အောက်ပါ စီမံကိန်းများပါဝင်သည် -

(က) အစိုးရ၏ရသုံးမှန်းခြေငွေစာရင်းဖြင့် ဆောင်ရွက်မည့်စီမံကိန်းများ၊

(ခ) ဖွံ့ဖြိုးမှုအကူအညီများဖြင့် ဆောင်ရွက်မည့်စီမံကိန်းများ၊

(ဂ) အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက်တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာများ (Unsolicited Proposals) အပါအဝင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများဖြင့် ဆောင်ရွက်မည့် စီမံကိန်းများ၊

(ဃ) ပုဂ္ဂလိကသို့ ရှယ်ယာလွှဲပြောင်းသည့်နည်းလမ်း (Equitization) သို့မဟုတ် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏ တစ်စိတ်တစ်ဒေသ (သို့မဟုတ်) အလုံးစုံကို ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းရန် စီစဉ်ထားသည့် စီမံကိန်းများ၊

(င) အထက်ပါ နည်းလမ်း လေးသွယ်ကို လိုအပ်သလို ပေါင်းစပ်ထားသည့် စီမံကိန်းများ။

၅။ စီမံကိန်းဘဏ်အတွင်းသို့ စီမံကိန်းထည့်သွင်းရန် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အောက်ပါ အချက်အလက်များ (သို့မဟုတ်) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပုံစံတွင်ပါဝင်သော အချက်အလက်များကို ပေးပို့ရမည် -

(က) စီမံကိန်းအမျိုးအမည်၊

(ခ) စီမံကိန်း၏အရေးပါမှု (သို့မဟုတ်) မဟာဗျူဟာအရ လိုအပ်ချက်၊

(ဂ) စီမံကိန်းနှင့်ချိတ်ဆက်နေသည့် မဟာဗျူဟာမြောက် အထူးလုပ်ငန်းအစီအမံများ၊

(ဃ) စီမံကိန်းရည်ရွယ်ချက်၊ အရွယ်အစား၊ တည်နေရာ၊ မြေနေရာအကျယ်အဝန်းနှင့် အခြားလိုအပ်သည့် စီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များ၊

(င) လျာထားသည့်စီမံကိန်း၏ သဘောတူညီမှုစာချုပ်အမျိုးအစား၊

(စ) စီမံကိန်းအတွက် ရယူရန်လျာထားသည့် ဘဏ္ဍာငွေအရင်းအမြစ်နှင့် ယင်းဘဏ္ဍာငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့်စီမံကိန်း၏ အကျိုးအပြစ်များပါဝင်သော လေ့လာဆန်းစစ်ချက်၊

(ဆ) နည်းပညာလိုအပ်ချက်များ၊ စံနှုန်းသတ်မှတ်ချက်များ၊ ထောက်ပံ့ပေးရမည့် ဝန်ဆောင်မှု (သို့မဟုတ်) ကုန်ပစ္စည်းဆိုင်ရာ အရည်အသွေးစသော အချက်အလက်များပါဝင်သည့် အကျဉ်းချုပ်၊

(ဇ) စီမံကိန်း အကောင်အထည်ဖော်ရန် စုစုပေါင်းထည့်ဝင်ရမည့် ငွေကြေးပမာဏနှင့် အစိုးရက ထည့်ဝင်ရမည့် ငွေကြေးပမာဏ ခန့်မှန်းဖော်ပြချက်များ၊

(ဈ) အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း၏ မျှော်မှန်းလုပ်ငန်းစဉ်များနှင့် ဖြစ်နိုင်ခြေများအား ကြိုတင်ဆန်းစစ်လေ့လာချက်များ လုပ်ဆောင်ရန်နှင့် ရင်းနှီးမြှုပ်နှံမည့်သူ စိစစ်ရွေးချယ်ရေး လုပ်ငန်းများအတွက် အချိန်ဇယားများ၊ တည်ဆောက်ရေးကာလ၊ စီမံကိန်းပြီးစီးချိန်နှင့် စီမံကိန်းမှ အကျိုးအမြတ်ရရှိမည့် အချိန်ကာလ၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် နှစ်ဦးနှစ်ဖက် သဘောတူရန် လိုအပ်သည့်အချက်အလက်များ၊ စီမံခန့်ခွဲမှု၊ ကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်း

လည်ပတ်မှု သို့မဟုတ် ဝန်ဆောင်မှုကဏ္ဍနှင့်ပတ်သက်သည့် လုပ်ငန်းအစီအမံများ စသည်တို့ ပါဝင်သော စီမံကိန်းဖော်ဆောင်ရေးဆိုင်ရာ စာချုပ်ပါ အချက်အလက်များ၊

(ည) လျော်ကြေးငွေကိစ္စရပ်များ၊ မြေယာအသုံးချခွင့်နှင့် ပြန်လည်နေရာချထားရေးဆိုင်ရာအစီအစဉ်များ၊

(ဋ) စီမံကိန်း၏ ပျက်စီးဆုံးရှုံးနိုင်ခြေရှိသည့်ကိစ္စရပ်များနှင့် အခြားဆုံးရှုံးနိုင်ခြေများအား လေ့လာဆန်းစစ်ချက်နှင့် ယင်းဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်မည့်နည်းဗျူဟာများ၊

(ဌ) စီမံကိန်း၏ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများပါဝင်သည့် လူမှု-စီးပွား အထောက်အကူပြုပဏာမ လေ့လာဆန်းစစ်ချက်၊

(ဍ) စီမံကိန်း၏ အုပ်ချုပ်ရေး၊ ဖွဲ့စည်းပုံနှင့်နည်းပညာအရ ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် လိုအပ်ချက်များ၊

(ဎ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်း၏ ဆက်သွယ်ရမည့် လိပ်စာ အပြည့်အစုံ။

၆။ စီမံကိန်းများကို စီမံကိန်းဘဏ်အတွင်း ထည့်သွင်းနိုင်ရန် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ မရှိနှင့် စီမံကိန်းအတွက် အသင့်လျော်ဆုံးနှင့် ခိုင်မာမှုအရှိဆုံးသော ဘဏ္ဍာငွေ ရရှိနိုင်မှု ရှိ မရှိတို့ကို တိုက်ဆိုင်စစ်ဆေးနိုင်သည့် "စိစစ်ရေးဆိုင်ရာအညွှန်း (Screening Tool)" များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဖော်ထုတ်ရေးဆွဲရမည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများက စိစစ်ရေးဆိုင်ရာ အညွှန်းများ အသုံးပြုမှုနှင့်ပတ်သက်၍ ညှိနှိုင်းခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းများကို လုပ်ဆောင်ရမည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အပိုဒ် (၅) တွင် ဖော်ပြထားသည့် အချက်အလက်များအပြင် အခြားအချက်အလက်များကို လိုအပ်ပါက ထပ်မံတောင်းခံနိုင်သည်။

၇။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းတစ်ရပ်အနေဖြင့် ပရောဂျက်ဘဏ်အတွင်း ထည့်သွင်းထားသည့် စီမံကိန်းများနှင့်ပတ်သက်၍ အပိုဒ် (၅) တွင် ပါဝင်သော အချက်အလက်များ အပါအဝင် အချက်အလက်အသစ်များကို သုံးလတစ်ကြိမ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်။ ယင်းသို့ပေးပို့လာသည့် အချက်အလက်များအပေါ် အခြေခံ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်းများကို သုံးလတစ်ကြိမ် စီမံကိန်းဘဏ်အတွင်း မွမ်းမံဖြည့်စွက်သွားရမည်။

၈။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်းဘဏ်အတွင်းရှိ စီမံကိန်းများကို အများပြည်သူ ဝင်ရောက်ကြည့်ရှု အသုံးပြုနိုင်ရန်အတွက် ဝက်ဘ်အခြေခံဒေတာ အဆောက်အဦအဖြစ်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာသွားရမည်။

၉။ အပိုဒ် (၈) ၌ ထုတ်ပြန်မည့် စီမံကိန်းဆိုင်ရာ အချက်အလက်များတွင် အောက်ဖော်ပြပါ အချက်များ ပါဝင်နိုင်သည် -

(က) စီမံကိန်းအမျိုးအမည်၊

(ခ) စီမံကိန်း၏အရေးပါမှု (သို့မဟုတ်) မဟာဗျူဟာအရ လိုအပ်ချက်၊

(ဂ) စီမံကိန်းနှင့်ချိတ်ဆက်နေသည့် မဟာဗျူဟာမြောက် အထူးလုပ်ငန်းအစီအမံများ၊

(ဃ) စီမံကိန်း၏ရည်ရွယ်ချက်၊ အရွယ်အစား၊ တည်နေရာ၊ မြေနေရာအကျယ်အဝန်းနှင့် အခြား လိုအပ်သည့် အချက်အလက်များ၊

(င) စီမံကိန်းအတွက် လိုအပ်မည့်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုပေးရမည့် ကိစ္စရပ်များပါဝင်သည့် အထွေထွေအကျဉ်းချုပ်၊

(စ) စီမံကိန်းအကောင်အထည်ဖော်ရန် စုစုပေါင်းထည့်ဝင်ရမည့် ငွေကြေးပမာဏနှင့် အစိုးရက ထည့်ဝင်ရမည့် ငွေကြေးပမာဏ ခန့်မှန်းဖော်ပြချက်များ၊

(ဆ) အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း၏ မျှော်မှန်းလုပ်ငန်းစဉ်များနှင့် စီမံကိန်းလိုအပ်ချက်များအရ လေ့လာဆန်းစစ်မှုများ၊ အစီရင်ခံစာများ၊ ရင်းနှီးမြှုပ်နှံမည့်သူ စိစစ်ရွေးချယ်ရေးလုပ်ငန်းများအတွက် အချိန်ဇယားများ၊ တည်ဆောက်ရေးကာလ၊ စီမံကိန်းပြီးစီးချိန်နှင့် စီမံကိန်းမှ အကျိုးအမြတ်ရရှိမည့်အချိန်ကာလ စသည်တို့ပါဝင်သော စီမံကိန်းဖော်ဆောင်ရေးဆိုင်ရာ စာချုပ်ပါအချက်အလက်များ၊

(ဇ) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊

(ဈ) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်း၏ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ။

## အခန်း (၄)

## အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center) နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့အစည်းများ (PPP Units) ကို စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းခြင်း

၁၀။ PPP Center ကို ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများဖော်ထုတ်ခြင်း၊ တင်ဒါဖိတ်ခေါ်ခြင်း၊ တည်ဆောက်အကောင်အထည်ဖော်ခြင်း၊ စောင့်ကြပ်ခြင်းနှင့် စိစစ်ခြင်း စသည့်လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်အတွက်ဖြစ်သည်။

၁၁။ PPP Center ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်တွင် ဖွဲ့စည်းထားရှိရမည်။ PPP Center ၏ အဓိကတာဝန်မှာ စီမံကိန်းဘဏ်သို့ ထည့်သွင်းလာသည့် စီမံကိန်းများအနက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် စီမံကိန်းများကို ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။ ထို့အပြင် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ရန် တာဝန်ရှိသည် -

(က) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းကို အထောက်အကူပြုရန်၊

(ခ) စီမံကိန်းဘဏ်ရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများနှင့်ဆက်စပ်သည့် ကိစ္စရပ်များကို စီမံခန့်ခွဲရန်၊

(ဂ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများဖော်ထုတ်ခြင်း၊ စီမံကိန်းတင်ဒါခေါ်ရန် ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်းနှင့် စီမံခန့်ခွဲခြင်းများအတွက် လိုအပ်ချက်များ၊ လမ်းညွှန်ချက်များ၊ ပုံစံများနှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲရန်၊

(ဃ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား စောင့်ကြပ်၍ လိုအပ်သည်များကို တင်ပြရန်၊

(င) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒများ ပြုပြင်ပြောင်းလဲရေးအတွက် လေ့လာဆန်းစစ်ချက်များနှင့် အကြံပြုချက်များပေးရန်။

၁၂။ PPP Center အနေဖြင့်လည်းကောင်း၊ လုပ်ငန်းအကြံပေးများမှတစ်ဆင့်လည်းကောင်း အောက်ပါနည်းလမ်းများဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများထံ အကြံဉာဏ်များနှင့် အထောက်အကူများပေးနိုင်သည် -

(က) PPP စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အထောက်အပံ့များ ပေးအပ်ခြင်း၊

(ခ) ကနဦးအဆင့် မဟာဗျူဟာလေ့လာဆန်းစစ်ချက်များ ပံ့ပိုးခြင်း၊

(ဂ) စီမံကိန်းမစတင်မီ ဖြစ်နိုင်ခြေများအား ကြိုတင်ဆန်းစစ်လေ့လာချက်များ လုပ်ဆောင်ခြင်း၊

(ဃ) လုပ်ငန်းကိစ္စရပ်များ (Business Cases) ပြုစုခြင်း၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ် နှိုင်းယှဉ်ဆန်းစစ်ချက်များ (cost-benefit analysis) လုပ်ဆောင်ခြင်း၊

(င) ဝယ်ယူရေးလုပ်ငန်းစဉ်များ၊

(စ) အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့်စီမံကိန်းအဆိုပြုလွှာ (Unsolicited Proposal) များကို လေ့လာဆန်းစစ်ခြင်း၊

(ဆ) စီမံကိန်း၏ပျက်စီးဆုံးရှုံးနိုင်ခြေရှိသည့် အခြေအနေများလျော့နည်းစေရေး စီမံခန့်ခွဲခြင်း၊

(ဇ) အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု အမျိုးအစားများနှင့် တည်ဆောက်ပုံများအလိုက် အဓိကကျသော စာချုပ်ပါ အချက်အလက်များနှင့် ကိုက်ညီမှုရှိစေရန် အကြံပြုချက်များပံ့ပိုးပေးခြင်း၊

(ဈ) ဘဏ္ဍာငွေများ အချိုးကျပါဝင်မှုရှိစေခြင်း၊

(ည) စီမံကိန်းအတွက် လိုအပ်သည့်ခွင့်ပြုချက်များရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၁၃။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာလုပ်ဆောင်နိုင်ရန် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများသည် ယင်းတို့၏ လက်အောက်တွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့ (PPP Unit) တစ်ခုစီကို ဖွဲ့စည်းနိုင်သည်။ ယင်း PPP အဖွဲ့များသည် သက်ဆိုင်ရာအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် တာဝန်ယူရမည်။

၁၄။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများသည် အောက်ပါဆောင်ရွက်မှုများအတွက် PPP Center ၏အကြံပြုချက်နှင့် အထောက်အကူများရယူနိုင်သည် -

(က) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းများ တင်ဒါခေါ်ရန်ပြင်ဆင်ခြင်း၊

(ခ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းများနှင့် Swiss Challenge ပုံစံစီမံကိန်းများအတွက် တင်ဒါလုပ်ငန်းစဉ်များအား စီမံခန့်ခွဲ၍ စိစစ်ရွေးချယ်ခြင်း၊

(ဂ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းစာချုပ်များအား ပြင်ဆင်ရေးသားခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်း၊

(ဃ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချုပ်များအား မိမိအဖွဲ့အစည်းအတွင်းရှိ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စီမံခန့်ခွဲခြင်း။

၁၅။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများကို စီမံကိန်းဘဏ်အတွင်း ထည့်သွင်းနိုင်ရန်အတွက် အဆိုပြုရာတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းအနေဖြင့် စီမံကိန်းမစတင်မီဖြစ်နိုင်ခြေများအား ကြိုတင်ဆန်းစစ်လေ့လာချက်များပြုလုပ်၍ ယင်း စီမံကိန်းများကို PPP Center မှ ထုတ်ပြန်ထားသည့် လိုအပ်ချက်များ၊ လမ်းညွှန်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းတို့ကို လုပ်ဆောင်ရမည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းအနေဖြင့် PPP Center နှင့်ပူးပေါင်း၍သော်လည်းကောင်း၊ PPP Center က သီးခြားဆောင်ရွက်ပေးခြင်းဖြင့်သော်လည်းကောင်း ဖြစ်နိုင်ခြေများအား ကြိုတင်ဆန်းစစ်လေ့လာချက်များ လုပ်ဆောင်နိုင်သည်။ အစိုးရက ဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာများ (Unsolicited Proposals) အတွက် ဖြစ်နိုင်ခြေကြိုတင်ဆန်းစစ်လေ့လာချက်များကို အဆိုပြုလွှာတင်သွင်းသည့် ပုဂ္ဂလိကအဖွဲ့အစည်းက လုပ်ဆောင်ရမည်ဖြစ်သည်။

၁၆။ PPP Center သည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ငွေတိုက်ဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့နှင့် ပူးပေါင်း၍ စီမံကိန်းအလိုက် သင့်လျော်သည့် အစိုးရအထောက်အပံ့ပုံစံရွေးချယ်ရန်ခိုင်လုံသည့် စံသတ်မှတ်ချက်များကို ရေးဆွဲရမည်။ အစိုးရက စီမံကိန်းများအား အထောက်အပံ့

ပေးရာတွင် နိုင်ငံတော်၏အာမခံချက် (Government Guarantees) (သို့မဟုတ်) စီးပွားဖြစ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ငွေကြေးအထောက်အပံ့ (Viability Gap Funds) များ ပံ့ပိုးခြင်းတို့အပြင် အခြားအလားတူ နည်းလမ်းများကိုလည်း အသုံးပြုနိုင်သည်။

၁၇။ တင်သွင်းလာသော စီမံကိန်းများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် ပုံစံဖြင့် လုပ်ဆောင်နိုင်လျှင် စီမံကိန်း အကောင်အထည်ဖော်ဆောင်မည့် အစိုးရအဖွဲ့အစည်းအနေဖြင့် Business Case ကို ပြင်ဆင်ရမည်။ လိုအပ်ပါက PPP Center ၏အကူအညီကို တောင်းခံနိုင်သည်။ ယင်း Business Case တွင် တင်သွင်းထားသော စီမံကိန်းသည် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းလိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ၊ စီမံကိန်း၏ အနေအထား၊ အရွယ်အစားတို့ကို ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

၁၈။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများသည် တင်ဒါလုပ်ငန်းစဉ်ဖြင့်လည်းကောင်း၊ Swiss Challenge ပုံစံဖြင့်လည်းကောင်း စီမံကိန်းတည်ဆောက်မည့် အဖွဲ့အစည်းအား ရွေးချယ်ရန်အတွက် စာရွက်စာတမ်းများ ပြင်ဆင်ခြင်း၊ စီမံကိန်းအဆိုပြုလွှာများ တောင်းခံခြင်း၊ ရွေးချယ်ရေးစံများ သတ်မှတ်ခြင်းနှင့် တင်ဒါရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ရမည်။ လိုအပ်ပါက PPP Center ၏အကူအညီကို ရယူနိုင်သည်။

၁၉။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများအနေဖြင့် ယှဉ်ပြိုင်တင်ဒါစနစ် (သို့မဟုတ်) Swiss Challenge လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် ပြည်တွင်း ပြည်ပ အကြံပေးအဖွဲ့အစည်းများကို ငှားရမ်းဆောင်ရွက်နိုင်သည်။ PPP Center က နိုင်ငံတကာ အကြံပေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးနိုင်သည်။

၂၀။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများအနေဖြင့် တင်ဒါ ဝင်ရောက်ယှဉ်ပြိုင်သူများ စီမံကိန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်း၊ အချက်အလက်များအား လေ့လာပြင်ဆင်နိုင်ရန်၊ စီမံကိန်းနှင့်ပတ်သက်၍ ထိုက်သင့်၍ ပြည့်စုံကျယ်ပြန့်သော လေ့လာဆန်းစစ်ချက်များ (Due Diligence) လုပ်ဆောင်နိုင်ရန်နှင့် စီမံကိန်းအဆိုပြုလွှာများ ရေးဆွဲနိုင်ရန် အချိန်လုံလောက်စွာပေးရမည်။ လိုအပ်ပါက PPP Center ၏အကူအညီကို တောင်းခံနိုင်သည်။

၂၁။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်း၏တန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၂၂။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းသည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းစာချုပ်ကို ပြင်ဆင်၍ သက်ဆိုင်ရာ စီမံကိန်းတင်ဒါရရှိသူနှင့် စာချုပ်ချုပ်ဆိုရမည် ဖြစ်သည်။ လိုအပ်ပါက PPP Center ၏အကူအညီကို ရယူနိုင်သည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

**Republic of the Union of Myanmar**
**Office of the President**
**Notification No. 2 / 2018**
**8 th Waning of Tazaungmone 1380 ME**
**30 November 2018**

**Project Bank Notification**

This Notification is issued to include the Projects that Implementing Government Agencies plan to develop with multiple financing mechanisms such as government's budget or development assistance or Public Private Partnership (PPP) or any other mechanisms in the Project Bank in a transparent manner to implement the strategies and action plans set out in the Myanmar Sustainable Development Plan and to apply concrete procedures in the development and implementation of the Projects in the Project Bank.

## Section I
## Definitions

**1.** (a) **Business Case** means an assessment of a Project to determine viability on the basis of its economic and financial internal rate of return, the social and environmental issues to address and the estimated cost of the Project and its revenue.

(b) **Corporatization** means separating a Government business from a Government or department and establishing it as a State Economic Enterprise (SEE) incorporated under the Myanmar Companies Law or Special Companies Act.

(c) **Development Assistance** means financial and technical assistance provided by governments and international agencies to support the economic, environmental, social, and political development of Myanmar, with a primary focus on poverty alleviation and long-term sustainable development.

(d) **Equitization** means a process where the ownership of a State Economic Enterprise is transferred in part or whole to a private entity with the consent of the Government.

(e) **Government** means the Government of the Republic of the Union of Myanmar and State or Region Government.

(f) **Greenfield** means any investment in a structure or an area where no previous facilities exist and without constraints imposed by prior works.

(g) **Implementing Government Agency (IGA)** means any Government agency or department under the Union Government or a State or Region Government which plans to develop and implement a Project.

(h) **Ministry of Planning and Finance (MoPF)** means the Union Ministry of Planning and Finance of Myanmar.

(i) **Myanmar Sustainable Development Plan (MSDP)** means the national development plan of the Government.

(j) **National Economic Coordination Committee (NECC)** means the body established by President's Office Notification No. 31/2016.

(k) **Pre-Feasibility Study** means a comprehensive study of a range of options for the viable delivery of a Project, including an assessment of the technical, financial, legal, environmental and social viability of the Project.

(l) **Project** means a clearly defined initiative that has the implementation of the MSDP as its main objective and where the total value of the undertaking exceeds two billion Myanmar Kyat.

(m) **Project Bank** means an interactive, web-based, publicly accessible database or project information bank that includes Projects that IGAs plan to develop to implement the MSDP and its Strategic Action Plans.

(n) **Public-Private Partnership (PPP)** means an investment mechanism based on a contractual agreement between an IGA and a private party for providing a public asset or infrastructure or service that includes but is not limited to financing, designing, implementing, managing, and/or operating infrastructure facilities and services traditionally provided by the public sector in an effort to reduce the Government's capital and operating expenditures while improving the quality of assets and services. Types of PPP include but shall not be limited to the following:

(1) **Availability Payment** means a payment mechanism to the private sector for a type of PPP Project whereby the public sector pays the private partner a pre-established, maximum period payment to design, build, finance, operate and/or

manage Project facilities; the scope of services for the private sector would not include numbers of customers/users and demand risks, fare collection; the private partner is compensated for both capital and operating costs; the private partner is evaluated each period on the availability of facilities and services and performance; each periodic payment is adjusted to reflect deductions for non-compliance with pre-established service levels and credits for enhanced performance.

(2) **Build-Own-Operate (BOO)** means a Build-Own-Operate contract to build, operate, and maintain a facility; after the completion of the facility, the investor shall own and have the right to commercially operate such facility in perpetuity unless by mutual agreement the Government decides to purchase the asset at the end of a specified period of time.

(3) **Build-Operate-Transfer (BOT)** means a Build-Operate-Transfer contract to build a facility; after the completion of the constructed facility, the investor shall have the right to commercially operate such facility for a fixed term; at the end of such term, the investor (s) shall transfer the facility to the Government.

(4) **Build-Transfer-Lease (BTL)** means a Build-Transfer-Lease contract to build a facility, transfer its ownership to the Government after the facility's construction, and after the private investor having executed its right to operate the facility for a specified period of time, leases the facility to the Implementing Government Agency from whom lease payments are made to the investor for a period of time specified in the BTL contract.

(5) **Build-Transfer-Operate (BTO)** means a Build-Transfer-Operate contract to build a facility; after the completion of the constructed facility, the investor shall transfer such facility to the Implementing Government Agency and shall have the right to commercially operate such facility for a fixed term.

(6) **Operation and Management (O&M)** means an Operate-Manage contract to commercially operate part of a facility or the entire facility for a fixed term, where the private sector operator would not have any investment responsibility.

(7) **Other Forms of PPP** means forms of PPPs other than the above and may also include but not be limited to Design-Build-Operate and Design-Build-Finance-Operate-Transfer contracts.

(o) **Public-Private Partnership Center (PPP Center)** means a specialized unit formed within the MoPF.

(p) **PPP Unit** means a specialized unit formed within an IGA.

(q) **Screening Tool** means a tool developed and maintained by the MoPF that shall be used to determine whether a Project meets criteria required for inclusion in the Project Bank.

(r) **Solicited Proposal** means a solicited bid received from private parties via a competitive tender process for PPP Projects under the purview of an Implementing Government Agency.

(s) **State-Owned Economic Enterprise (SEE)** means any entity established in accordance with the State-Owned Economic Enterprises Law.

(t) **Strategic Action Plans** means action plans underpinning the implementation of strategies, goals and pillars contained within the Myanmar Strategic Development Plan.

(u) **Swiss Challenge** means a public procurement process designed to encourage private sector initiatives to engage in PPP Projects. Under the Swiss Challenge tender process, if a relevant government agency wishes to proceed with a Project that was received as an Unsolicited Proposal, the agency is required to publish a bid and invite third parties to exceed it.

(v) **Unsolicited Proposal** means a proposal made by a private party to undertake a PPP Project, submitted at the initiative of the private party, rather than in response to a request from the relevant government agency.

(w) **Development Assistance Coordination Unit** means the body established by Cabinet Notification No.66/2016.

## Section II

## Purpose

The purposes of issuing this Notification areas follows:

a. ensuring that Government plans for Project development and implementation are predictable and transparent, and are employed as effectively as possible to achieve national development objectives;

b. ensuring that there is coordination and facilitation for Project development and management among Government agencies;

c. pro-actively attracting appropriate private partners for PPP and Equitization that can effectively augment government resources to achieve national development objectives and

d. ensuring that competition and efficiency are encouraged in the implementation of PPP Projects through competitive or Swiss Challenge tender processes.

## Section III

## Project Bank Development

1. The MoPF shall establish the Project Bank that shall include Projects submitted by IGAs.

2. The purpose of the Project Bank is to strengthen the development of Projects that will enable the Government to effectively implement the MSDP, including:

a. by publishing government plans for the priority projects needed to achieve national development objectives in a predictable and transparent way and

b. by developing procedures to ensure that Projects are well coordinated and facilitated among the MOPF and IGAs.

3. The responsibilities of the MoPF for the Project Bank shall include but not be limited to:

a. establishing the Project Bank;

b. determining Projects to be included in the Project Bank;

c. making the Project Bank accessible via an interactive, web-based, publicly accessible database;

d. updating the Project Bank on a quarterly basis and

e. ensuring consistency with regard to the application of and adherence to this Notification by all stakeholders and presenting to the NECC in this regard from time to time.

4. The Project Bank shall include Projects that IGAs plan to develop to implement relevant Strategic Action Plans either:

a. with the Government's budget;

b. with Development Assistance;

c. in partnership with the private sector through PPP mechanisms, including through Unsolicited Proposals where applicable and

d. through plans to transfer SEEs, in part or in whole, to the private sector through Equitization, PPP mechanisms;

e. through a blended mechanism of above modalities.

5. IGAs seeking to have a Project included in the Project Bank shall submit to the MoPF a memorandum comprising the following information or shall submit in a template prepared by the MoPF:

a. Project name;

b. the necessity or strategic desirability of the Project;

c. links to specific Strategic Action Plans;

d. objective, scale, location, land and other resources required for implementation of the Project;

e. intended type of the Project contract;

f. proposed source of finance for the Project and an assessment of advantages and disadvantages of implementing the Project under the proposed financing scheme;

g. summary of the technical requirements, standards, quality of the Project facilities, products or services to be provided;

h. estimation of the total investment capital and the Government's investment capital required to implement the Project;

i. anticipated schedule and terms for Project implementation, including the timeline for the formulation of the Pre-Feasibility Study report, investor selection, the duration of the construction, completion and exploitation of the Project facility, terms for construction, and plans for organizing the management, commercial operation or provision of services;

j. plans for compensation, land clearance and resettlement;

k. project risks and other risks sharing analysis and mitigation strategies/tactics;

l. preliminary estimation of the socio-economic effectiveness of the Project, including potential social and environmental impacts;

m. requirements for governance and organizational and technological sustainability and

n. contact address of the IGA that plans to implement the Project.

6. The MoPF shall develop and maintain screening tools to determine whether a Project meets criteria required for inclusion in the Project Bank and the most appropriate and viable source of Project financing. The MoPF will coordinate and monitor the use of these tools by IGAs. As appropriate, the MoPF may request information in addition to that specified in Article 5.

7. For Projects included in the Project Bank, an IGA shall provide quarterly updates to the MoPF that shall include but not be limited to any changes to items stated in Article 5. Based on these updates, the MoPF will update the Project Bank on a quarterly basis.

8. The MoPF shall publicize Projects contained in the Project Bank via various means that include but shall not be limited to an interactive, web-based, publicly accessible database.

9. Project details published in accordance with Article 8 may contain the following:

a. Project name;

b. the necessity or strategic desirability of the Project;

c. links to specific Strategic Action Plans;

d. objective, scale, location, land and other resources required for implementation of the Project;

e. general summary of the Project facilities, products or services to be provided;

f. estimation of the total investment capital and the Government's investment capital required to implement the Project;

g. anticipated schedule and terms for Project implementation, including the timeline for the formulation of the studies, reports, investor selection, the duration of the construction, completion and exploitation of the Project facility;

h. updates on the Project implementation schedule and

i. contact address of the IGA that plans to develop the Project.

## Section IV

## Establishment of the PPP Center and PPP Units with Standards and Processes to Conduct PPPs

10. The purpose of the PPP Center is to strengthen the capabilities of IGAs to effectively identify, develop, procure, implement, monitor and audit PPPs.

11. The PPP Center shall be established within the MoPF and shall be responsible for identifying Projects that are capable of being delivered by PPP from those Projects submitted for inclusion in the Project Bank. Additional responsibilities shall include but not be limited to:

a. facilitating the identification and development of PPP Projects;

b. managing aspects of the Project Bank relevant to PPP Projects;

c. developing requirements, guidelines, templates and procedures to be used in the identification, preparation, bidding and management of PPP Projects;

d. monitoring and reporting on the implementation of PPP Projects and

e. investigating and recommending PPP policy reforms.

12. The PPP Center may itself or through transaction advisers provide advice and support to IGAs with respect to:

a. providing PPP capacity building support;

b. initial strategic assessments;

c. pre-feasibility studies;

d. development of Business Cases, cost-benefit analysis and cost-effectiveness analysis;

e. procurement processes;

f. assessments of Unsolicited Proposals;

g. risk allocation matrices;

h. advising on types and structures of PPPs and contractual approaches to the main terms;

i. financial ratios and contribution and

j. coordination and facilitation of required permits.

13. IGAs may establish a dedicated PPP Unit within its agency that shall be responsible for facilitating PPP transactions.

14. IGAs, with the advice and support of the PPP Center, shall have the responsibilities for:

a. the preparation of PPP Projects;

b. the management of tenders for PPP and Swiss Challenge Projects, which includes the selection of winning bidders;

c. preparing and signing PPP contracts and

d. managing PPP contracts with the relevant Department within the Agency.

15. When proposing a Project that is capable of being delivered by a PPP for inclusion in the Project Bank, IGAs shall conduct a Pre-Feasibility Study for that Project that's hall demonstrate

whether the proposed PPP Project adheres to applicable requirements and guidelines established by the PPP Center. The IGA may request that the Pre-Feasibility Study be conducted either jointly with the PPP Center or by the PPP Center alone. In cases involving Unsolicited Proposals, the Pre-Feasibility Study shall be conducted by the private party proposing the Project.

16. The PPP Center, in cooperation with the Treasury Department and Budget Department of the MoPF, shall develop concrete criteria upon which appropriate types of Government support may be provided for each PPP Project. Appropriate types of Government support shall include but not be limited to government guarantees or viability gap funds.

17. If a submitted Project is found to be capable of being delivered by a PPP, an IGA shall, with the support of the PPP Center upon request, prepare a Business Case which should demonstrate whether the proposed Project fits the requirement for a PPP Project as well as to determine the Project size and characteristics.

18. IGAs shall, with the support of the PPP Center upon request, prepare tender documents, produce request for proposal, develop criteria for bidder selection and select the winning bidder either via a competitive tender process or Swiss Challenge tender process.

19. IGAs may hire or work with appropriate domestic or international transaction advisors to conduct the competitive tender and Swiss Challenge tender processes. The PPP Center will provide advice and support to IGAs with regard to engaging international transaction advisers.

20. IGAs shall give enough time to all bidders to examine all relevant Project documentation and to conduct due diligence on the Project and to prepare a proposal in reply to the request for proposals.

21. PPP Projects exceeding US$ 100 million in value shall require Union Cabinet approval.

22. An IGA, with support to be provided by the PPP Center upon request, shall prepare and sign the PPP contract with the tender award winner.

[ to be continue ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆။)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက်

( ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတွင်ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်ထောင်စုအစိုးရအဖွဲ့" ဆိုသည့် စကားရပ်ကို "အစိုးရအဖွဲ့" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၃။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) နှင့် (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ တောင်သူလယ်သမားများ မနစ်နာစေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးအတွက် ကာကွယ်ဆောင်ရွက်ပေးရန်၊

(ဆ) တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ်ပေါ်ပေါက်လာစေရေး ဦးတည်ဆောင်ရွက်ရန်။"

၄။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၄ ၏ ခြေဆင်းနှင့် ပုဒ်မခွဲ (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ အစိုးရအဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတတစ်ဦးအား ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(ဂ) တောင်သူလယ်သမားများအား ကိုယ်စားပြုသောအဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ လုပ်ငန်းအတွေ့အကြုံရှိသော ပြင်ပပုဂ္ဂိုလ်များ။"

၅။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၄ ၏ နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄-က။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဦးဆောင်အဖွဲ့ကိုလိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၆။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသော သီးနှံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်းတို့ကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံ၊ သီးနှံအမျိုးအစားနှင့် တိရစ္ဆာန်အမျိုးအစားကို မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးမွေးမြူနိုင်ရန် ပညာပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် မွေးမြူထုတ်လုပ်မှု လုပ်ငန်းအတွက် လိုအပ်သည့်အချိန်၌ ချေးငွေနှင့် အကူအညီများရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊"

(ခ) ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ဋ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဋ) တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊"

(ဂ) မူလပုဒ်မခွဲ (ဋ)၊ (ဌ) နှင့် (ဍ) တို့ကို ပုဒ်မခွဲ (ဌ)၊ (ဍ) နှင့် (ဎ) တို့အဖြစ် ပြင်ဆင်ပြီး ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဍ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှားရောဂါကျရောက်မှုနှင့် အခြားအကြောင်းများကြောင့်သော်လည်းကောင်း လယ်ယာမြေနှင့် စိုက်ပျိုးသီးနှံထိခိုက်ပျက်စီးမှုကိုဖြစ်စေ၊ ငါးမွေးကန် သို့မဟုတ် မွေးမြူရေးခြံနှင့် မွေးမြူသည့်တိရစ္ဆာန် ထိခိုက်ပျက်စီးမှုကိုဖြစ်စေ ကြုံတွေ့ရသော လုပ်ကွက်ငယ်တောင်သူလယ်သမားများအား ဦးစားပေးကူညီထောက်ပံ့ခြင်း၊"

(ဃ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဎ) ၏ နောက်တွင် ပုဒ်မခွဲ (ဏ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဏ) လိုအပ်သည့် ဝန်ထမ်းဖွဲ့စည်းမှုရရှိရေး၊ ဝန်ထမ်းအရည်အသွေးနှင့် ကျွမ်းကျင်မှုမြှင့်တင်ရေး၊ လယ်ယာထုတ်ကုန်များအတွက် ကောင်းမွန်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကျင့်စဉ်လက်မှတ်များနှင့် လိုအပ်သောထောက်ခံချက်များရရှိရေး၊ တောင်သူလယ်သမားများအား ဥပဒေနှင့်အညီ အခွင့်အရေးများရရှိရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။"

၇။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၆ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကတင်ပြသော ဝယ်ယူမည့် လယ်ယာထုတ်ကုန်အမျိုးအစားနှင့် ဝယ်ယူမည့်အစီအစဉ်တို့ကိုစိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြရမည်။"

(ခ) ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၈။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ဦးဆောင်အဖွဲ့သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းတို့မှ သင့်လျော်သောပုဂ္ဂိုလ်များနှင့် လုပ်ငန်းအတွေ့အကြုံရှိသော ပြင်ပပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၉။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (က) တွင်ပါရှိသည့် "လွတ်လပ်စွာ" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာဥပဒေနှင့်အညီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) သက်ဆိုင်ရာလုပ်ငန်းအလိုက် သင့်တင့်သော စိုက်ပျိုးရေးစရိတ် ချေးငွေ၊ မွေးမြူရေးစရိတ်ချေးငွေများ ချေးယူခွင့်၊"

(ဂ) ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများအရ သတ်မှတ်ထားသည့် စိုက်ပျိုးမြေများကို တည်ဆဲဥပဒေများနှင့်အညီ အသုံးချပိုင်ခွင့်။"

၁၀။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ (ဂ) တွင် ပါရှိသည့် "တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ" ဆိုသည့်စကားရပ်ကို "တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) နှင့် (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ပြည်ပမှတရားမဝင်တင်သွင်းလာသော လယ်ယာထုတ်ကုန်များနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ပေးခြင်း၊

(ဆ) စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ပျိုးပင်၊ မျိုးစေ့၊ မျိုး၊ သားပေါက်၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ မွေးမြူရေးအစာနှင့် ဆေးဝါးစသည်တို့ကို အရည်အသွေးပြည့်မီပြီး ဈေးနှုန်းမှန်ကန်စွာရရှိစေရန် ကြီးကြပ်ကူညီဆောင်ရွက်ပေးခြင်း။"

၁၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက်လည်းကောင်း၊ မိရိုးဖလာမွေးမြူရေးမှ စနစ်တကျ မွေးမြူရေးလုပ်ကိုင်နိုင်ရေးအတွက်လည်းကောင်း လိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်းနှင့် ကုန်ကြမ်း အစရှိသည်တို့ကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရမည်။"

၁၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သင့်တင့်သော အရင်းအနှီးရရှိရေးအတွက် နှစ်စဉ်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများကို ပြည်ထောင်စုရန်ပုံငွေဘောင်အတွင်းမှ ထုတ်ချေးခြင်း၊ လိုအပ်သောအကူအညီနှင့် အထောက်အပံ့များ ပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။"

၁၃။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၆။ ဦးဆောင်အဖွဲ့သည် -

(က) ချေးငွေ၊ အကူအညီ၊ အထောက်အပံ့နှင့်သင့်တင့်သော အရင်းအနှီးများကို တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခံစားခွင့်ရှိသည့် တောင်သူလယ်သမားများလက်ဝယ်သို့ အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရမည်။

(ခ) အစိုးရကသတ်မှတ်ခွင့်ပြုသည့်ဘဏ် သို့မဟုတ် တောင်သူလယ်သမားများ အကျိုးစီးပွား အလို့ငှာ ချေးငွေလုပ်ငန်းဆောင်ရွက်ရန် အထူးကိစ္စရပ်အဖြစ် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အစိုးရက သတ်မှတ်ခွင့်ပြုသည့်ကုမ္ပဏီ၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းမှ နှစ်စဉ်၊ နှစ်တိုနှင့် နှစ်ရှည် ချေးငွေများထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်။"

၁၄။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၁၈ တွင် ပါရှိသည့် "ဦးဆောင်အဖွဲ့သည် မျိုးစေ့" ဆိုသည့်စကားရပ်ကို "ဦးဆောင်အဖွဲ့သည် ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "အာမခံ စံချိန်စံညွှန်းချို့ယွင်းမှု" ဆိုသည့်စကားရပ်ကို "အာမခံစံချိန်စံညွှန်းချို့ယွင်းမှု သို့မဟုတ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၅။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၀ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပုဂ္ဂလိကကဏ္ဍမှ အရည်အသွေးမီသည့် ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်သုတေသန လုပ်ငန်းနှင့် ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီခြင်း၊"

(ခ) ပုဒ်မခွဲ (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) တောင်သူလယ်သမားများ လိုအပ်သော လယ်ယာလုပ်ငန်းသုံးနှင့် မွေးမြူရေးလုပ်ငန်းသုံး စက်ကိရိယာနှင့် ပစ္စည်းများကို အရစ်ကျဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ငွေရေး ကြေးရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) ပျိုးပင်၊ မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်၊ တင်သွင်း၊ ပြုပြင်၊ ထုပ်ပိုး၊ ရောင်းချခြင်းများ ပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိစေရေးနှင့် အာမခံချက်မပါသော ပျိုးပင်၊ မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးများ၏ ချို့ယွင်းအားနည်းချက်များကို တောင်သူလယ်သမားများ အချိန်မီ သိရှိနိုင်ရေးဆောင်ရွက်ခြင်း။"

(ဂ) ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) မျိုး၊ သားပေါက်မွေးမြူရေး အစာနှင့် ဆေးဝါးများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ပြုပြင်ခြင်း၊ ထုပ်ပိုးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီ၍ အန္တရာယ် ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိရေးနှင့် သင့်တင့်မျှတသောဈေးနှုန်းဖြင့် လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း။"

၁၆။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၃။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ ဝယ်ယူမည့် လယ်ယာထုတ်ကုန်အမျိုးအစားနှင့် ဝယ်ယူမည့် အစီအစဉ်တို့ကို စိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြရမည်။"

၁၇။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၅။ ဖြစ်ပေါ်လာမည့် အရောင်းအဝယ် အရှုံးအမြတ် စာရင်းဇယားများကို ဦးဆောင်အဖွဲ့က တာဝန် ပေးအပ်သော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကျွမ်းကျင်သူများပါဝင်သည့် စာရင်းစစ်အဖွဲ့ဖြင့် စာရင်း စစ်ဆေးရမည်။"

၁၈။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ မည်သူမဆို တောင်သူလယ်သမားများအား ဤဥပဒေအရထုတ်ချေးသော ချေးငွေ၊ ပေးအပ်သော အကူအညီနှင့် အထောက်အပံ့များ သို့မဟုတ် ယင်းတို့နှင့်ပတ်သက်သော စီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းခံရသည်တွင် အဆိုပါထုတ်ချေးသော ချေးငွေပေးအပ်သော အကူအညီနှင့် အထောက်အပံ့များ သို့မဟုတ် ယင်းတို့နှင့်ပတ်သက်သော စီမံခန့်ခွဲပိုင်ခွင့်ကို မရိုးမဖြောင့်သော သဘောဖြင့် သုံးစွဲခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလျှင် ထိုသူသည် ဥပဒေအရ အရေးယူခြင်းခံရမည်။"

၁၉။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၇ ၏ နောက်တွင် ပုဒ်မ ၂၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၇-က။ ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် ဦးဆောင်အဖွဲ့သို့လည်းကောင်း၊ ဦးဆောင်အဖွဲ့သည် အစိုးရအဖွဲ့သို့လည်းကောင်း သတ်မှတ်ချက်နှင့်အညီ ပြုစုတင်ပြရမည်။"

၂၀။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ဦးဆောင်အဖွဲ့နှင့် ညှိနှိုင်းရေးဆွဲပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း)

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၈၀ ပြည့်နှစ်၊ လ ရက်
(၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိရစ္ဆာန်**ဆိုသည်မှာ ကုန်းနေ သို့မဟုတ် ရေနေ သို့မဟုတ် ကုန်းနေ ရေနေ သတ္တဝါကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန် တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်းနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်အဖြစ် သတ်မှတ်သော သတ္တဝါတို့လည်းပါဝင်သည်။

( ခ ) **ရေလုပ်ငန်း**ဆိုသည်မှာ ရေနေ သို့မဟုတ် ကုန်းနေ ရေနေသတ္တဝါတစ်မျိုးမျိုးအား မွေးမြူရေး နည်းစနစ်တစ်ခုခုဖြင့်ဖြစ်စေ၊ ရေချို သို့မဟုတ် ရေငန်တွင် သဘာဝအလျောက်ဖြစ်စေ၊ စနစ်တကျ ဖြစ်စေ မွေးမြူထုတ်လုပ်သော လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေ၌ပေါက်ပွား သည့်အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များ၊ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းလည်း ပါဝင်သည်။

( ဂ ) **တိရစ္ဆာန်မျိုးရိုးဗီဇ**ဆိုသည်မှာ တိရစ္ဆာန်များ၏ အမျိုးအစား၊ မျိုးစိတ်၊ မျိုးနွယ်အလိုက်ရှိရမည့် ပင်ကိုအရည်အသွေးကို ဆိုသည်။

( ဃ ) **တိရစ္ဆာန်ထွက်ပစ္စည်း**ဆိုသည်မှာ တိရစ္ဆာန်မှ ထွက်ရှိသော အသား၊ နို့၊ ဥ၊ သွေး၊ အရိုး၊ သားရေ၊ အမွေး၊ မစင်၊ အန်ဖတ်၊ အဆီ သို့မဟုတ် တိရစ္ဆာန်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပျားနှင့် ပျားအုံမှရရှိသော ပျားထွက်ပစ္စည်းများလည်းပါဝင်သည်။

( င ) **တိရစ္ဆာန်အစာ**ဆိုသည်မှာ တိရစ္ဆာန်ကို ကျွေးမွေးရန် သမားရိုးကျ ရောစပ်၍ဖြစ်စေ၊ ဓါတ်မီ နည်းဖြင့် ဖော်စပ်၍ဖြစ်စေ၊ ယင်းသို့ရောစပ်ခြင်း၊ ဖော်စပ်ခြင်းမပြုဘဲ သဘာဝအရဖြစ်စေ တိရစ္ဆာန်များစားသုံးသည့်အစာကို ဆိုသည်။

( စ ) **တိရစ္ဆာန်သုံးဆေးဝါး**ဆိုသည်မှာ တိရစ္ဆာန်အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ အာဟာရဖြည့်စွက်ရန်၊ သန္ဓေတားရန်၊ ဇီဝကမ္မဖြစ်စဉ်မြှင့်တင်ပေးရန် သို့မဟုတ် အကျိုး သက်ရောက်မှုတစ်ခုခုဖြစ်စေရန် ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပြင်ပအတွက် အသုံးပြုသောပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်သုံးဆေးဝါးဟု သတ်မှတ်သောပစ္စည်းလည်း ပါဝင်သည်။

(ဆ) **တိရစ္ဆာန်သုံးပစ္စည်း**ဆိုသည်မှာ မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ တိရစ္ဆာန်အလှဆင်လုပ်ငန်းများတွင် အသုံးပြုသည့်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနကအခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်သုံးပစ္စည်းဟု သတ်မှတ်သောပစ္စည်းလည်းပါဝင်သည်။

( ဇ ) **မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း**ဆိုသည်မှာ သဘာဝအတိုင်းမဟုတ်ဘဲ လူတို့ပြုပြင်ထုတ်လုပ် ထားသော မျိုးရိုးဗီဇပြောင်း ဇီဝပစ္စည်းကို ဆိုသည်။

(ဈ) **ကူးစက်ရောဂါ**ဆိုသည်မှာ တိရစ္ဆာန်အချင်းချင်းသော်လည်းကောင်း၊ တိရစ္ဆာန်မှ လူကိုသော် လည်းကောင်း၊ လူမှတိရစ္ဆာန်ကိုသော်လည်းကောင်း အပြန်အလှန် ကူးစက်တတ်သောရောဂါကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါဟု သတ်မှတ်သော ရောဂါတစ်မျိုးမျိုးလည်း ပါဝင်သည်။

(ည) **မွေးမြူရေးလုပ်ငန်း**ဆိုသည်မှာ မွေးမြူခြင်း နည်းစနစ်တစ်မျိုးမျိုးဖြင့် တိရစ္ဆာန်များအား မွေးမြူခြင်း လုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်များအား မွေးမြူ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်။

( ဋ ) **တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း**ဆိုသည်မှာ ဦးစီးဌာနကသတ်မှတ်သည့် တိရစ္ဆာန်အကောင် အရေအတွက်ဖြင့် လုပ်ကိုင်သော မွေးမြူရေးလုပ်ငန်းကို ဆိုသည်။

( ဌ ) **စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း**ဆိုသည်မှာ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းထက် ကျော်လွန် လုပ်ကိုင်သော မွေးမြူရေးလုပ်ငန်းကို ဆိုသည်။

( ဍ ) **မွေးမြူသူ**ဆိုသည်မှာ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း သို့မဟုတ် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း အတွက် မွေးမြူသူကို ဆိုသည်။ ယင်းစကားရပ်တွင် တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် တိရစ္ဆာန်လက်ဝယ် ရှိသူလည်းပါဝင်သည်။

(ပ) **သားသတ်ရုံ**ဆိုသည်မှာ စီးပွားဖြစ်ထုတ်လုပ်ရန် တိရစ္ဆာန်ကိုသတ်ဖြတ်သည့် အဆောက်အအုံ သို့မဟုတ် နေရာကို ဆိုသည်။

(ဏ) **သားသတ်ခြင်းလုပ်ငန်း**ဆိုသည်မှာ စီးပွားဖြစ် ထုတ်လုပ်ရောင်းချရန် တိရစ္ဆာန်ကိုသတ်ဖြတ်သည့် လုပ်ငန်းကို ဆိုသည်။

(တ) **ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်**ဆိုသည်မှာ မွေးမြူသူများလိုက်နာရန် ဦးစီးဌာနကသတ်မှတ်ထားသည့် မွေးမြူရေးနည်းစနစ်သတ်မှတ်ချက်များကို ဆိုသည်။

(ထ) **ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်**ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးပစ္စည်း ထုတ်လုပ်သူများလိုက်နာရန် ဦးစီးဌာနက သတ်မှတ်ထားသည့် ထုတ်လုပ်မှုနည်းစနစ် သတ်မှတ်ချက်များကို ဆိုသည်။

(ဒ) **တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်းသော တိရစ္ဆာန်ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း၊ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်အလှပြုပြင်ခြင်း၊ တိရစ္ဆာန်များကိုလေ့ကျင့်သင်ကြားပေးခြင်းနှင့် ဓာတ်ခွဲခန်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဓ) **ထောက်ခံချက်လက်မှတ်**ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံး ဆေးဝါးများနှင့်စပ်လျဉ်း၍ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းအတွက် တိရစ္ဆာန်ကျန်းမာရေးကိုသော်လည်းကောင်း၊ အရည်အသွေးကိုသော်လည်းကောင်း စစ်ဆေးပြီး ဦးစီးဌာနက ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(န) **ခွင့်ပြုလက်မှတ်**ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း အတွက်စစ်ဆေးပြီး ဦးစီးဌာနက ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ပ) **တိရစ္ဆာန်အစာအတွက်စိုက်ပျိုးသောမြေ**ဆိုသည်မှာ တိရစ္ဆာန်များ လွှတ်ကျောင်းရန် သို့မဟုတ် အစာစားသုံးနိုင်ရန် စိုက်ပျိုးထားသော မြေနေရာကို ဆိုသည်။

(ဖ) **စားကျက်မြေ**ဆိုသည်မှာ တိရစ္ဆာန်တို့လှည့်လည်သွားလာရှာဖွေစားသောက်ရာ မြေနေရာကို ဆိုသည်။

(ဗ) **မွေးမြူရေးမြေ**ဆိုသည်မှာ မွေးမြူရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ တိရစ္ဆာန်မွေးမြူ ထုတ်လုပ်ခြင်းနှင့်သက်ဆိုင်သည့်လုပ်ငန်းများအတွက်သော်လည်းကောင်း သီးသန့်လုပ်ကိုင် ဆောင်ရွက်သောမြေနေရာကို ဆိုသည်။

(ဘ) **ပျားစားကျက်**ဆိုသည်မှာ ပျားများစားသုံးရန် အာဟာရဖြစ်သော ဝတ်ရည်ဖြစ်စေ၊ ဝတ်မှုန်ဖြစ်စေ၊ ဝတ်ရည်နှင့်ဝတ်မှုန်နှစ်မျိုးလုံးဖြစ်စေ ရရှိသောရာသီအလိုက် စိုက်ပျိုးသီးနှံပင်များ၊ ဥယျာဉ်ခြံများ၊ နှစ်ရှည်ပင်များ၊ သဘာဝသစ်တောချုံနွယ်နှင့် ပေါင်းပင်များတည်ရှိသောနေရာကို ဆိုသည်။

(မ) **စစ်ဆေးရေးစခန်း**ဆိုသည်မှာ ပြည်ပသို့တင်ပို့သော သို့မဟုတ် ပြည်ပမှ တင်သွင်းသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများတွင် ကူးစက်ရောဂါကင်းရှင်းခြင်း ရှိ မရှိ၊ သတ်မှတ်ချက်များ၊ ဖော်ပြချက်များနှင့် ပြည့်စုံကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးနိုင်ရေးအတွက် ဦးစီးဌာနက သတ်မှတ်ထားသောနေရာကို ဆိုသည်။

(ယ) **တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း**ဆိုသည်မှာ ပြည်ပသို့ တင်ပို့သော သို့မဟုတ် ပြည်ပမှတင်သွင်းသော တိရစ္ဆာန်အား ကူးစက်ရောဂါကင်းရှင်းခြင်း ရှိ မရှိ သတ်မှတ်ကာလအထိ သီးသန့်ထားရှိပြီး စောင့်ကြည့်စစ်ဆေးသည့်နေရာကို ဆိုသည်။

(ရ) **ဓာတ်ခွဲခန်း**ဆိုသည်မှာ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း သို့မဟုတ် တိရစ္ဆာန်များ၏ ဇီဝဗေဒ၊ အဏုဇီဝဗေဒ၊ ဓာတုဗေဒ၊ အဆိပ်ဓာတ်နှင့် ရုပ်ပိုင်းဆိုင်ရာဓာတ်ခွဲစမ်းသပ်မှုများနှင့် ရေဒီယိုသတ္တိကြွမှုများကို တိုင်းတာစစ်ဆေးသော ဝန်ဆောင်မှုပေးသည့်နေရာကို ဆိုသည်။

(လ) **ရည်ညွှန်းကိုးကားဓာတ်ခွဲခန်း**ဆိုသည်မှာ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ သို့မဟုတ် နိုင်ငံတကာက အသိအမှတ်ပြုထားသော စံချိန်စံညွှန်းများနှင့်အညီ တိရစ္ဆာန်ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများကို အထောက်အကူပေးခြင်း၊ ဓာတ်ခွဲခန်းတွေ့ရှိချက် အတည်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးသည့်ဓာတ်ခွဲခန်းကို ဆိုသည်။

(ဝ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(သ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဟ) **ဝန်ကြီး**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဠ) **ဦးစီးဌာန**ဆိုသည်မှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့လည်းပါဝင်သည်။

(အ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ကက) **တိရစ္ဆာန်ဆေးကုအရာရှိချုပ်**ဆိုသည်မှာ ဝန်ကြီးဌာနက တိရစ္ဆာန်ဆေးကုအရာရှိချုပ်အဖြစ် ဤဥပဒေအရခန့်အပ်သော တိရစ္ဆာန် ဆေးကုဆရာဝန်ကို ဆိုသည်။

(ခခ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်သောလုပ်ငန်းများကို စစ်ဆေးရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော ဝန်ထမ်းတစ်ဦးဦးကို ဆိုသည်။

(ဂဂ) **တိရစ္ဆာန်ကျန်းမာရေးလုပ်သား**ဆိုသည်မှာ ဦးစီးဌာနက ဖွင့်လှစ်သော တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အခြေခံသင်တန်းတက်ရောက်အောင်မြင်ပြီး ဦးစီးဌာန၏ လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခွင့်ရရှိနိုင်ရေးအတွက် ဦးစီးဌာနကထုတ်ပေးသော အသိအမှတ်ပြု လက်မှတ်ရရှိသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ အရည်အသွေးပြည့်မီကောင်းမွန်သော တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်း၊ သုတေသနနှင့် ပညာပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပသို့တင်ပို့နိုင်စေရေးတို့အတွက် အာဟာရပြည့်ဝ၍ အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်သည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်စေရန်၊

(ဂ) တိရစ္ဆာန်မျိုးရိုးဗီဇအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရေးနှင့် မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် ဖြစ်ပွားသည့်အခါ စနစ်တကျ တုံ့ပြန်ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်နှင့် တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သော ရောဂါများကို ကာကွယ်ထိန်းချုပ်ရန်၊

(င) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊

(စ) တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန်၊

(ဆ) မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သောငွေကြေး၊ နည်းပညာနှင့် မျိုးကောင်းမျိုးသန့် ထောက်ပံ့ပေးရန်၊ မွေးမြူရေးမြေ၊ မွေးမြူရေးခြံအဖြစ် စနစ်တကျ လုပ်ကိုင်နိုင်စေရန်နှင့် ဈေးကွက်ဖော်ဆောင်ပေးရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်နေသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ် အဆင့်အောက်မနိမ့်သောပုဂ္ဂိုလ်များ၊ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦးစီနှင့် တိရစ္ဆာန်ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ သို့မဟုတ် မွေးမြူရေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦးဦးတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်ကို သတ်မှတ်ရမည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများချမှတ်ခြင်း၊

(ခ) တိရစ္ဆာန်ကူးစက်ရောဂါမဖြစ်ပွားစေရေးနှင့် ဖြစ်ပွားပါက ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ဂ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်း၌ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ဈေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ပြည်တွင်း၌ တိရစ္ဆာန်အစာထုတ်လုပ်သည့် ကုန်ကြမ်းများ လုံလောက်စွာရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း၊ စနစ်တကျသုံးစွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများမှ မွေးမြူသူများနှင့် ကူးစက်ရောဂါကြောင့် ဝန်ကြီးဌာန၏ညွှန်ကြားချက်အရ တိရစ္ဆာန်များသုတ်သင်ရှင်းလင်းခံရသည့် မွေးမြူသူများ၏ ဆုံးရှုံးနစ်နာမှုများအတွက် လိုအပ်သောကူညီထောက်ပံ့မှုများရရှိရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဇ) မွေးမြူသူများနှင့် စားသုံးသူများ သင့်တင့်မျှတစွာ ရောင်းဝယ်နိုင်စေရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဈ) မွေးမြူရေးမြေအဖြစ် စနစ်တကျလုပ်ကိုင်နိုင်စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ည) စားကျက်မြေနှင့် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေများကို ထိန်းသိမ်းနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဋ) မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် မွေးမြူရေးမြေ၊ စားကျက်မြေနှင့် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေများအဖြစ် သီးသန့်သတ်မှတ်ပြီး စီမံခန့်ခွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဌ) တိရစ္ဆာန်နှင့်စပ်လျဉ်းသည့် သုတေသနလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လိုအပ်သောငွေကြေးနှင့် နည်းပညာများရရှိရန် ပြည်တွင်း ပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဍ) ခိုင်းကျွဲ၊ ခိုင်းနွား အပါအဝင် တိရစ္ဆာန်ကောင်ရေတိုးပွားရေးနှင့် ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ တိုးတက်ရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဎ) တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သောရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဏ) မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည့်ကိစ္စရပ်များပေါ်ပေါက်ပါက အကြံပြုချက်နှင့်အတူ တင်ပြခြင်း၊

(တ) လိုအပ်သော လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းလုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ထ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ဗဟိုကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို လိုအပ်ပါက ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာ ဦးစီးဌာနတစ်ခုခုသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၄)
## တိရစ္ဆာန်ဆေးကုအရာရှိချုပ် တာဝန်ပေးအပ်ခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၇။ ဝန်ကြီးဌာနသည် ဦးစီးဌာနရှိ ရာထူးအမြင့်ဆုံးသော တိရစ္ဆာန်ဆေးကုဆရာဝန်ကို တိရစ္ဆာန်ဆေးကု အရာရှိချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

၈။ တိရစ္ဆာန်ဆေးကုအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိနိုင်ငံ၏တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အခြေအနေများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ အသိပေးအကြောင်းကြားခြင်း၊

(ခ) တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် တိရစ္ဆာန်များ သက်သောင့်သက်သာစွာ နေထိုင်စားသောက်နိုင်ရေး (Animal Welfare) ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သော တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မိမိနိုင်ငံနှင့် နိုင်ငံခြားတိုင်းပြည်များအကြား တိရစ္ဆာန်ဆိုင်ရာ ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်ရမည့်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ခြင်း၊

(စ) ပြည်တွင်းရှိ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းကိုးကားဓာတ်ခွဲခန်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာနများမှ အသိအမှတ်ပြုမှုရရှိစေရန် ဆောင်ရွက်ခြင်း၊

(ဆ) ဦးစီးဌာနက ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်၊ ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်ခြင်း၊

(ဇ) တိရစ္ဆာန်များနှင့်စပ်လျဉ်း၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ကြီးကြပ်ခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးများကို သုတေသနပြုခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြည်ပမှ မှာယူတင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်း၊

(ခ) တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့ကျန်းမာရေးနှင့်စပ်လျဉ်းသည့် တိရစ္ဆာန် ဆေးပညာဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း၊

(ဃ) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို စစ်ဆေးကြီးကြပ်ခြင်း၊

(င) လိုအပ်သည့်နေရာဒေသများတွင် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(စ) တိရစ္ဆာန်ကျန်းမာရေးလုပ်သားများကို လေ့ကျင့်သင်တန်းပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) တိရစ္ဆာန်အရှင်များရောင်းဝယ်ရန် သတ်မှတ်ထားသည့်နေရာများရှိ ရောင်းဝယ်မည့် တိရစ္ဆာန်များအား ကျန်းမာရေးစစ်ဆေးခြင်း၊

(ဇ) ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၁၀။ ဦးစီးဌာနသည် မွေးမြူရေးနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မွေးမြူသူများအတွက် နည်းပညာဖြန့်ဖြူးခြင်း၊ မွေးမြူရေးဆိုင်ရာ စံအရည်အသွေးများသတ်မှတ်ခြင်းနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(ခ) မွေးမြူရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်တို့နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) တိရစ္ဆာန်မျိုးရိုးဗီဇအရင်းအမြစ် မျိုးသန့်များထိန်းသိမ်းခြင်းနှင့် မူပိုင်ခွင့်မှတ်ပုံတင်ခြင်း၊ ဖြန့်ဖြူးပေးခြင်း၊ လေ့ကျင့်ပညာပေးခြင်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဃ) ထုတ်လုပ်မှုကောင်းပြီး ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းသောတိရစ္ဆာန်များပေါ်ထွန်းလာစေရေးအတွက် မျိုးမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မျိုးကောင်းသော တိရစ္ဆာန်များဖြန့်ဖြူးပေးခြင်း၊ လေ့ကျင့်ပညာပေးခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) မွေးမြူရေးလုပ်ငန်းအတွက် ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့် မွေးမြူရေးလုပ်ငန်းများစနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) တိရစ္ဆာန်မျိုးရိုးဗီဇ တင်သွင်းမှုနှင့် တင်ပို့မှုများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဆ) တိရစ္ဆာန်မှတ်ပုံတင်ခြင်း၊ မွေးမြူရေးခြံလုပ်ငန်းမှတ်ပုံတင်ခြင်း၊ မျိုးခြံလုပ်ငန်းမှတ်ပုံတင်ခြင်း၊ ဥဖောက်စက်လုပ်ငန်း မှတ်ပုံတင်ခြင်း၊ ပျားမွေးမြူရေးလုပ်ငန်း မှတ်ပုံတင်ခြင်းနှင့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ထုတ်လုပ်သည့်၊ ပြုပြင်ထုတ်လုပ်သည့် သို့မဟုတ် ရောင်းချသည့်လုပ်ငန်းများ မှတ်ပုံတင်ခြင်းအတွက်ဆောင်ရွက်ခြင်း၊

(ဇ) တိရစ္ဆာန်ကောင်ရေ တိုးပွားရေးနှင့် ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ တိုးတက်ရေးတို့အတွက် ဆောင်ရွက်ခြင်း၊

(ဈ) သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ဦးစီးဌာနနှင့် သက်ဆိုင်သည့် ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းကို စစ်ဆေးကြီးကြပ်ခြင်း၊

(ည) သတ်မှတ်ချက်များနှင့်အညီ တိရစ္ဆာန်များ သယ်ဆောင်ရောင်းချခွင့်ရရှိရန် ဆောင်ရွက်ပေးခြင်း၊

(ဋ) ပျားမွေးမြူရေးဆိုင်ရာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့် မျိုးများဖြန့်ဝေခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပျားစားကျက်များကို ခွဲဝေချထားပေးခြင်း၊ ပုဂ္ဂလိကပျားစားကျက်များထူထောင်ရာတွင် ကူညီဆောင်ရွက်ပေးခြင်းနှင့် ပျားမွေးမြူရေးလုပ်ငန်းကို ကြပ်မတ်စစ်ဆေးခြင်း၊

(ဌ) မွေးမြူရေးမြေနှင့် မွေးမြူရေးခြံအဖြစ် စနစ်တကျ လုပ်ကိုင်နိုင်စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဍ) စားကျက်မြေနှင့် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေများကို ထိန်းသိမ်းနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ခြင်း၊

(ဎ) မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အရင်းအနှီးရရှိရေးအတွက် လိုအပ်သလို ကူညီဆောင်ရွက်ခြင်း။

၁၁။ ဦးစီးဌာနသည် ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့ပါ လုပ်ငန်းများအပြင် အောက်ပါတို့ကိုလည်း ဆောင်ရွက်ရမည် -

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ယင်းသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အားပေးကူညီခြင်း၊

(ခ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများအား ခွင့်ပြုခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) နိုင်ငံတော်အတွင်းရှိ သဘာဝပေါက်ပင်နှင့် စိုက်ပျိုးသီးနှံပင်များကို တိရစ္ဆာန်အစာအဖြစ်သော်လည်းကောင်း၊ တိရစ္ဆာန်သုံးဆေးဝါးအဖြစ်သော်လည်းကောင်း အသုံးပြုနိုင်ရေးအတွက် သုတေသနပြုခြင်း၊ နည်းပညာဖြန့်ဖြူးခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဃ) ပြည်ပသို့ တင်ပို့သည့်၊ ပြည်ပမှ တင်သွင်းသည့်၊ ပြည်တွင်း၌ ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်ထုတ်လုပ်သည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီ မညီ စစ်ဆေးခြင်း၊

(င) ထောက်ခံချက်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီစစ်ဆေးစေပြီး တိရစ္ဆာန်ဆေးကုအရာရှိချုပ်၏ သဘောထားမှတ်ချက် လိုအပ်သောလုပ်ငန်းများဖြစ်လျှင် ၎င်း၏ သဘောထားမှတ်ချက်ရယူပြီး သက်ဆိုင်ရာထောက်ခံချက်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက သက်ဆိုင်ရာ ထောက်ခံချက်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းဆိုခြင်း၊

(စ) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများပြည်ပသို့ တင်ပို့ခြင်းနှင့် ပြည်ပမှ တင်သွင်းခြင်းတို့အတွက် သက်ဆိုင်ရာအစိုးရဌာနသို့ သဘောထားမှတ်ချက် ထုတ်ပေးခြင်း၊

(ဆ) တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း၊

(ဇ) မွေးမြူရေးလုပ်ငန်းနှင့် ရောဂါဖြစ်ပွားမှုဆိုင်ရာတို့ကို စာရင်းကောက်ယူခြင်းနှင့် ယင်းစာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဈ) တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) တိရစ္ဆာန်အမျိုးအစားအလိုက် သယ်ဆောင်နိုင်သည့် သို့မဟုတ် ဆွဲယူနိုင်သည့် အများဆုံးဝန်အလေးချိန်ကို သတ်မှတ်ခြင်း၊

(ဋ) တိရစ္ဆာန်များကို သယ်ဆောင်ခြင်း၊ ချည်နှောင်ခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းနှင့်စပ်လျဉ်း၍ လိုက်နာသင့်သည့်နည်းလမ်းများအား အများပြည်သူတို့သိရှိနိုင်ရန် ပညာပေးလုပ်ငန်းများကို အခါအားလျော်စွာ ဆောင်ရွက်ခြင်း၊

(ဌ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဍ) ရေလုပ်ငန်းတွင်အသုံးပြုသော တိရစ္ဆာန်သုံးဆေးဝါးများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ စစ်ဆေးခြင်း၊

(ဎ) စစ်ဆေးရေးမှူးများတာဝန်ပေးခန့်အပ်ခြင်းနှင့် စစ်ဆေးရေးမှူးများက လုပ်ငန်းများကို စစ်ဆေးရာတွင် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သော သတ်မှတ်ချက်များ ထုတ်ပြန်ကြေညာခြင်း၊

(ဏ) ပြည်တွင်း၌ ထုတ်လုပ်သည့်၊ ပြုပြင်ထုတ်လုပ်သည့်၊ ဖြန့်ဖြူးသည့်၊ ရောင်းချသည့်၊ ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းနှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(တ) တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် တိရစ္ဆာန်များ သက်သောင့်သက်သာစွာ နေထိုင်စားသောက်နိုင်ရေး (Animal Welfare) ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ပေးခြင်း၊

(ထ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

## အခန်း (၆)
## စစ်ဆေးရေးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ဦးစီးဌာနသည် မိမိဌာနရှိသင့်လျော်သော ပုဂ္ဂိုလ်များကို စစ်ဆေးရေးမှူးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၃။ စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို စစ်ဆေးခြင်း -

(၁) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ၊ လုပ်ငန်းသုံးအဆောက်အအုံနှင့် ပစ္စည်းများ၊

(၂) သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းများ၊

(၃) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်းများ၊

(၄) တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးပစ္စည်းများ။

(ခ) ရေလုပ်ငန်းတွင်အသုံးပြုသော တိရစ္ဆာန်သုံးဆေးဝါးများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းစစ်ဆေးခြင်း၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရ စစ်ဆေးရာတွင် ကူးစက်ရောဂါတစ်ခုခုဖြစ်ပွားကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ အများပြည်သူ စားသုံးရန် သင့်လျော်မှုမရှိကြောင်း သံသယရှိလျှင်ဖြစ်စေ သက်ဆိုင်ရာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊ သွားလာရွှေ့ပြောင်းမှုကို ယာယီရပ်ဆိုင်းခြင်းနှင့် ကန့်သတ်နိုင်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ရောဂါဖြစ်နေသော သို့မဟုတ် ရောဂါနှင့်ထိတွေ့ခဲ့သော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ အရည်အသွေး မပြည့်မီသော သို့မဟုတ် အဆိပ်အတောက်ပါဝင်နေသော တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ဓာတ်ခွဲခန်း စစ်ဆေးချက်အဖြေမရရှိမီ သတ်မှတ်ထားသောနေရာ၌ ယာယီထိန်းသိမ်းခြင်းနှင့် သိမ်းဆည်းခြင်း၊

(င) ပုဒ်မခွဲ (ဃ) ပါ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆက်လက်ထိန်းသိမ်းရန် သို့မဟုတ် သိမ်းဆည်းရန် သင့်လျော်ခြင်းမရှိပါက ဦးစီးဌာနသို့ တင်ပြခြင်းနှင့် ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) မိမိ၏ ဆောင်ရွက်ချက်များကို ဦးစီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၇)
## မွေးမြူရေးမြေနှင့် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေများ

၁၄။ ဗဟိုကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ အောက်ပါမြေများတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မွေးမြူရေးမြေ သို့မဟုတ် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပြီး သီးသန့်စီမံခန့်ခွဲနိုင်သည် -

(က) ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများအတွက်လည်းကောင်း အခြားနည်းဖြင့် အသုံးပြုခွင့်ပေးသည့်မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများအတွက်လည်းကောင်း အသုံးပြုခွင့်ပေးသည့်မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

(ဂ) မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများအတွက်လည်းကောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သစ်တောဥပဒေနှင့်အညီ အသုံးပြုခွင့်ပေးသည့်မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

(ဃ) ပြည်ထဲရေးဝန်ကြီးဌာနက လွှဲပြောင်းပေးသော စားကျက်မြေ။

၁၅။ ဗဟိုကော်မတီသည် ပုဒ်မ ၁၄ အရ မွေးမြူရေးမြေ သို့မဟုတ် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေအဖြစ် သတ်မှတ်သောမြေများကို လိုအပ်သလို စီမံဆောင်ရွက်နိုင်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

## အခန်း (၈)
## တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ

၁၆။ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၁၇။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည် -

(၁) ပုဒ်မ ၁၆ အရ လျှောက်ထားချက်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်းတွေ့ရှိပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေပြီး ပြန်လည်လျှောက်ထားခွင့်ပြုနိုင်သည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးထံ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်တင်ပြရမည်။

(ခ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည် -

(၁) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်းတွေ့ရှိပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေပြီး ပြန်လည်လျှောက်ထားခွင့်ပြုနိုင်သည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးထံ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်တင်ပြရမည်။

(ဂ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည် -

(၁) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်းတွေ့ရှိပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို

ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေပြီး ပြန်လည်လျှောက်ထားခွင့်ပြုနိုင်သည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်တင်ပြရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၃) အရ လျှောက်ထားချက်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်းတွေ့ရှိပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေပြီး ပြန်လည်လျှောက်ထားခွင့်ပြုနိုင်သည်။

၁၈။ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိသူသည် -

(က) ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားအလိုက် ခွင့်ပြုလက်မှတ်နှင့်သက်ဆိုင်သော စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိလုပ်ကိုင်သော တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်ဆုံးအသိပေး အကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)
## မွေးမြူရေးလုပ်ငန်းများ

၁၉။ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမှအပ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၀။ ပုဒ်မ ၁၉ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီလည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီလည်းကောင်း ဆောင်ရွက်ရမည်။

၂၁။ မွေးမြူသူသည် -

(က) သက်ဆိုင်ရာ ခွင့်ပြုလက်မှတ်တွင်ပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိမွေးမြူထားသည့် တိရစ္ဆာန်တွင် ကူးစက်ရောဂါကျရောက်သည့်အခါ ဦးစီးဌာနသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အကြောင်းကြားပြီးနောက် ဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရမည်။

(င) မွေးမြူရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်တို့နှင့်အညီ မွေးမြူထုတ်လုပ်ရမည်။

(စ) တိရစ္ဆာန် သို့မဟုတ် တိရစ္ဆာန်ထွက်ပစ္စည်းများကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် ရောင်းချခြင်းတို့ကို ဦးစီးဌာနက သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) မွေးမြူထားသည့်တိရစ္ဆာန်များကို အသားထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) မွေးမြူရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၂။ ဦးစီးဌာနသည် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက မွေးမြူထားသော တိရစ္ဆာန်များကူးစက်ရောဂါဖြစ်ပွား၍ ဖျက်ဆီးခံရခြင်းကြောင့် ပေါ်ပေါက်လာသည့်ဆုံးရှုံးမှုများအတွက် နစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန် သက်ဆိုင်ရာသို့ လျှောက်ထားရာတွင် သဘောထား မှတ်ချက်ပေးနိုင်သည်။

## အခန်း (၁၀)
## ပြည်တွင်း၌ ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်း

၂၃။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ သားသတ်ရုံ တည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ စီးပွားဖြစ်လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၄။ ပုဒ်မ ၂၃ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီလည်းကောင်း၊ ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီလည်းကောင်း ဆောင်ရွက်ရမည်။

၂၅။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ သားသတ်ရုံ တည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိသူသည် -

(က) သက်ဆိုင်ရာ ခွင့်ပြုလက်မှတ်တွင်ပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို လိုက်နာရမည်။

## အခန်း (၁၁)
## ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း

၂၆။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများကို ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း ပြုလုပ်လိုသူသည် တင်ပို့ခွင့်၊ တင်သွင်းခွင့်လိုင်စင် သို့မဟုတ်

ပါမစ်ကို သက်ဆိုင်ရာအစိုးရဌာနသို့ လျှောက်ထားခြင်းမပြုမီ ထောက်ခံချက်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၆ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ညီညွတ်ကြောင်းတွေ့ရှိပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ထောက်ခံချက်လက်မှတ်ကို ထုတ်ပေးရမည်။

၂၈။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများကို ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းအတွက် ထောက်ခံချက်လက်မှတ်ရရှိသူသည် -

(က) သက်ဆိုင်ရာ ထောက်ခံချက်လက်မှတ်တွင်ပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၂၉။ ဦးစီးဌာနသည် ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းပြုမည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများကို စစ်ဆေးနိုင်ရန် လိုအပ်သည့်နေရာဒေသများတွင် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်သည်။

၃၀။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်းများ၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးကို ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းပြုမည့်သူသည် မိမိတင်ပို့မည့် သို့မဟုတ် တင်သွင်းမည့်ပစ္စည်းကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစစ်ဆေးပေးရန် ဦးစီးဌာနသို့ သတင်းပို့လျှောက်ထားရမည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၃၀ အရ သတင်းပို့လျှောက်ထားချက်ကိုရရှိသည့်အခါ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစစ်ဆေး၍ တွေ့ရှိချက်ကို ထုတ်ပြန်ပေးရမည်။

## အခန်း (၁၂)
## ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း

၃၂။ ဝန်ကြီးဌာနသည် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများကို အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။

၃၃။ ဦးစီးဌာနသည် -

(က) တိရစ္ဆာန်များတွင် ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် လိုအပ်သော ကြိုတင်ကာကွယ်မှု အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) ကူးစက်ရောဂါ မဖြစ်ပွားစေရေးနှင့် ဖြစ်ပွားလာပါက ထိန်းချုပ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) ဒေသတစ်ခုခုတွင် ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့် ကူးစက်ရောဂါကင်းရှင်းခြင်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောလျင်စွာ ကြေညာရမည်။

(ဃ) တိရစ္ဆာန်ကျန်းမာရေးနှင့်ဆက်နွှယ်သော ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနအစီအစဉ်ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်း၍ဖြစ်စေ ဆောင်ရွက်ရမည်။

(င) ပျားမွေးမြူခြင်းနှင့်စပ်လျဉ်း၍ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းတို့ကို စီမံဆောင်ရွက်ရမည်။

၃၄။ မွေးမြူသူသည် မိမိတိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ်သိရှိရလျှင်ဖြစ်စေ၊ တိရစ္ဆာန်သည် ကူးစက်ရောဂါလက္ခဏာဖြင့်သေဆုံးကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရလျှင်ဖြစ်စေ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးသတင်းပေးပို့ရမည်။

၃၅။ တိရစ္ဆာန်ဆေးကုဆရာဝန်သည် မိမိကုသသည့်တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရလျှင် နီးစပ်ရာဦးစီးဌာနသို့ အမြန်ဆုံးအသိပေးအကြောင်းကြားရမည်။

## အခန်း (၁၃)
## မွေးမြူသူများ လိုက်နာဆောင်ရွက်ရမည့်တာဝန်များ

၃၆။ တိရစ္ဆာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ရေးအတွက် မွေးမြူသူသည် မိမိမွေးမြူထားသော တိရစ္ဆာန်အား အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုရန် လိုက်နာဆောင်ရွက်ရမည် -

(က) တိရစ္ဆာန်အား သတ်မှတ်ထားသောအလေးချိန်ထက်ပို၍ တင်ဆောင်စေခြင်းနှင့် ဆွဲယူစေခြင်း၊

(ခ) တိရစ္ဆာန်အား တမင်ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် အလွန်အကျွံခိုင်းစေခြင်း၊

(ဂ) တိရစ္ဆာန်အား ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို မလိုအပ်ဘဲချို့တဲ့စေခြင်း၊

(ဃ) တိရစ္ဆာန်အား အစာရေစာတမင်မကျွေးခြင်း၊

(င) တိရစ္ဆာန်အား ရောဂါ သို့မဟုတ် ဒဏ်ရာရရှိသည့်အခါ ကုသစောင့်ရှောက်မှုတမင်မပြုခြင်း၊

(စ) ကူးစက်ရောဂါ သို့မဟုတ် ဒဏ်ရာရရှိနေသည့်တိရစ္ဆာန်ကို အများပြည်သူသွားလာခွင့်ရှိသည့်နေရာသို့ တမင်လွှတ်ထားခြင်း၊

(ဆ) မိမိဆောင်ရွက်နိုင်သော နေရာအကျယ်အဝန်း၊ အဆောက်အအုံအလိုက် ဘေးကင်းလုံခြုံမှုရှိစေရန် ဆောင်ရွက်ထားမှုမရှိခြင်း၊

(ဇ) တိရစ္ဆာန်များကူးစက်ရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှု အစီအမံများ မပြုလုပ်ခြင်း၊

(ဈ) မိမိမွေးမြူထားသောတိရစ္ဆာန်ကြောင့် ပတ်ဝန်းကျင်အားမထိခိုက်စေရန် ဆောင်ရွက်ထားမှုမရှိခြင်း၊

(ည) တိရစ္ဆာန်များကို သယ်ယူပို့ဆောင်ရာတွင် ကျပ်တည်းစွာနှင့် မလျော်ကန်စွာ သယ်ယူပို့ဆောင်ခြင်း။

## အခန်း (၁၄)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၇။ သက်ဆိုင်ရာခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရရှိသူ၊ မွေးမြူသူနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားတို့သည် သတ်မှတ်ထားသော စည်းကမ်းချက်များကိုဖြစ်စေ၊ မွေးမြူသူများလိုက်နာဆောင်ရွက်ရမည့်တာဝန်များကိုဖြစ်စေ၊ ဦးစီးဌာနက ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကိုဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်လျှင် ထိုသူအား ဦးစီးဌာနက အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) စာဖြင့်သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသောဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

(ဂ) သက်ဆိုင်ရာ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ် သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သား အသိအမှတ်ပြုလက်မှတ်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊

(ဃ) သက်ဆိုင်ရာ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ် သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သား အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်ခြင်း။

၃၈။ ပုဒ်မ ၃၇ အရ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးတစ်ဦးဦးက ချမှတ်သည့်ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

၃၉။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၃၈ အရ အယူခံမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးတစ်ဦးဦးက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၀။ ပုဒ်မ ၃၇ အရသော်လည်းကောင်း၊ ပုဒ်မ ၃၉ အရသော်လည်းကောင်း ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၄၁။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၅)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၂။ မည်သူမျှ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်မရှိဘဲ -

(က) စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ၊

(ခ) တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ၊

(ဂ) သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ၊

(ဃ) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများကို ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၄၃။ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရှိသူ မည်သူမျှ -

(က) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံး ဆေးဝါးများကို သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီမှုမရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ၊

(ခ) ပျားမွေးမြူခြင်းနှင့်စပ်လျဉ်း၍ ကူးစက်ရောဂါ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကုသခြင်း၊ ဆေးဝါး သုံးစွဲခြင်း၊ ရွှေ့ပြောင်းမွေးမြူခြင်း၊ ပျားစားကျက်ချထားခြင်းတို့အတွက် ဦးစီးဌာနကထုတ်ပြန်ထားသော ပျားမွေးမြူရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ။

၄၄။ သားသတ်ရုံလုပ်ငန်း၊ သားသတ်ခြင်းလုပ်ငန်း၊ မျိုးခြံလုပ်ငန်း သို့မဟုတ် ဥဖောက်စက်လုပ်ငန်း လုပ်ကိုင်သူ မည်သူမျှ ဦးစီးဌာန၏ စစ်ဆေးမှုခံယူရန်ငြင်းဆန်ခြင်း မရှိစေရ။

၄၅။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သားအဖြစ်လုပ်ကိုင်သူ မည်သူမျှ တိရစ္ဆာန်နှင့်ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ -

(က) ကူးစက်ရောဂါကာကွယ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ်သိရှိလျက်နှင့် ဦးစီးဌာန၊ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းထံ ဆောလျင်စွာသတင်းပေးပို့ရန် ပျက်ကွက်ခြင်း၊

(ဂ) သေဆုံးသောတိရစ္ဆာန်တွင် ကူးစက်ရောဂါလက္ခဏာတွေ့ရှိလျက်နှင့် ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးသတင်းပေးပို့ရန် ပျက်ကွက်ခြင်း။

၄၆။ တိရစ္ဆာန်ကျန်းမာရေးလုပ်သားသည် စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခံရပြီးနောက် ဦးစီးဌာနက ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ထပ်မံပျက်ကွက်ခြင်း မရှိစေရ။

၄၇။ မည်သူမဆို -

(က) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံးကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံး ကျပ် ၂၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

(ဂ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၁၅ သိန်းမှ အများဆုံးကျပ်သိန်း ၂၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

(ဃ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဃ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၁၅ သိန်းမှ အများဆုံးကျပ် ၇၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၈။ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရှိသူ မည်သူမဆို -

(က) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်း ၂၀ မှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံးကျပ် ၁၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၉။ သားသတ်ရုံလုပ်ငန်း၊ သားသတ်ခြင်းလုပ်ငန်း၊ မျိုးခြံလုပ်ငန်း သို့မဟုတ် ဥဖောက်စက်လုပ်ငန်း လုပ်ကိုင်သူ မည်သူမဆို -

(က) ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံးကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်ရမည်။

၅၀။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ကျန်းမာရေးလုပ်သားအဖြစ်လုပ်ကိုင်သူ မည်သူမဆို ပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ချမှတ်ရမည်။

၅၁။ တိရစ္ဆာန်ကျန်းမာရေးလုပ်သားသည် ပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံးကျပ် ငါးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

## အခန်း (၁၆)
## အထွေထွေ

၅၂။ ဦးစီးဌာနသည် -

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်ကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၅၃။ ဦးစီးဌာနသည် ဆောင်ရွက်ရန်ရှိသည့်အရည်အသွေးဆိုင်ရာ စစ်ဆေးချက်များ သို့မဟုတ် ဓာတ်ခွဲခန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ အသိအမှတ်ပြုထားသောဓာတ်ခွဲခန်းသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၅၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁၇/၁၉၉၃) အရ ထုတ်ပြန်ခဲ့သော စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၅၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၇။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁၇/၁၉၉၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## ပြည်သူ့လွှတ်တော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
## တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ
## (မူကြမ်း) ၏ ကျိုးကြောင်းဖော်ပြချက်

၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၁၇/၁၉၉၃) အဖြစ် ပြဋ္ဌာန်းခဲ့ပြီး ၎င်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအဖြစ် ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၁၆/၂၀၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ လက်ရှိကျင့်သုံးလျက်ရှိသော တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေသည် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက်သာ ဦးစားပေးရေးဆွဲထားခြင်းကြောင့်လည်းကောင်း၊ ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ထွန်းကားလာစေရန်တို့အတွက်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ အကြံပြုချက်အရလည်းကောင်း တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း) ၂၀၁၈ ခုနှစ်အဖြစ် ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခြင်းဖြစ်ပါသည်။

## ပြည်သူ့လွှတ်တော်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
## တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ
## (မူကြမ်း) ၏ ရည်ရွယ်ချက်

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း) အား ပြောင်းလဲဖြစ်ပေါ်နေသောအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိပြီး ပုဂ္ဂလိကမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဤဥပဒေကို အောက်ပါရည်ရွယ်ချက် (၅) ချက်ဖြင့် ရေးဆွဲပြဋ္ဌာန်းခြင်းဖြစ်ပါသည် -

(၁) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(၂) တိရစ္ဆာန်မွေးမြူသူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(၃) တိရစ္ဆာန်များ ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားသည့်အခါ စနစ်တကျ ထိန်းချုပ်နိုင်ရန်၊

(၄) နိုင်ငံတကာ၌ ကျင့်သုံးဆောင်ရွက်နေသောကျင့်စဉ်များအရ တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းမှ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန်၊

(၅) ပြောင်းလဲလာသောကုန်သွယ်မှုစနစ်များအရ ကျွဲ၊ နွား ကုန်သွယ်မှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပြီး မွေးမြူသူ တောင်သူလယ်သမားများ၏ အကျိုးစီးပွား ဖြစ်ထွန်းလာစေရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်အမှတ် (၂/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

### ရွေးကောက်ပွဲခုံအဖွဲ့ (၁) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ (က) (၁) အရ ရွေးကောက်ပွဲခုံအဖွဲ့ (၁) ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးမြင့်နိုင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးလှတင့် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဦးသန်းဌေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၁) သည် အောက်တွင်ဖော်ပြထားသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို စုံစမ်းစစ်ဆေးရမည် -

| ကန့်ကွက်လွှာ အမှုအမှတ် | လျှောက်ထားသူ အမည် | လျှောက်ထားခံရသူ အမည် | လွှတ်တော်မဲဆန္ဒနယ် အမည် |
|---|---|---|---|
| ၁/၂၀၁၈ | ဦးသန်းထိုက်အောင် | ဦးနေမျိုးအောင် | ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်အမှတ် (၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

### ရွေးကောက်ပွဲခုံအဖွဲ့ (၂) ဖွဲ့စည်းခြင်း

၁။　ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ (က) (၁) အရ ရွေးကောက်ပွဲခုံအဖွဲ့ (၂) ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးအောင်မြင့် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးရယ် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဦးထွန်းခင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။　ရွေးကောက်ပွဲခုံအဖွဲ့ (၂) သည် အောက်တွင်ဖော်ပြထားသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို စုံစမ်းစစ်ဆေးရမည် -

| **ကန့်ကွက်လွှာ အမှုအမှတ်** | **လျှောက်ထားသူ အမည်** | **လျှောက်ထားခံရသူ အမည်** | **လွှတ်တော်မဲဆန္ဒနယ် အမည်** |
|---|---|---|---|
| ၂/၂၀၁၈ | ဒေါ်နန်းထွေးမှုံ | ဦးစိုင်းပန်းဆိုင် (ခ)<br>ဦးစိုင်းထွန်းစိန် (ခ)<br>ဦးကျော်စိန် | ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်<br>တိုင်းဒေသကြီးလွှတ်တော်<br>မန္တလေးတိုင်းဒေသကြီး |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

အမှတ် ၆၉၂/၂၀၁၈ ။　။ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလင်းဟန် အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများ အပြင် နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

အမှတ် ၆၉၅/၂၀၁၈ ။　။ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလင်းဟန် အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများ အပြင် လူဇင်ဘတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

အမှတ် ၆၉၈/၂၀၁၈ ။ ။ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလင်းဟန် အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ခရိုအေးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၀၇/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

### နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအား ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း

ရည်ညွှန်းချက်။ ပြည်ထောင်စုဝန်ကြီးရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၁၁ ၀၁ ၁၉ (၂၀၄၃)

ရည်ညွှန်းပါစာဖြင့် ဖွဲ့စည်းခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဒေါ်အောင်ဆန်းစုကြည် — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

(ခ) ဦးကျော်တင် — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

(ဂ) ဦးစိုးဟန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံရေးရာဦးစီးဌာန

(ဃ) ဦးဟောက်ခန့်ဆုမ်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အာဆီယံရေးရာဦးစီးဌာန

(င) ဒေါ်ကေသီစိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

(စ) ဦးသန့်စင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သံတမန်ရေးရာဦးစီးဌာန

(ဆ) ဦးချမ်းအေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန

(ဇ) ဦးမျိုးသန့်ဖေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန

(ဈ) ဦးအောင်ကျော်ဇံ အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(ည) ဦးမြင့်သူ အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(ဋ) ဦးအောင်စိုးဝင်း တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၁၅၇၉/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့၊ အမှတ် (၁) စံပြရပ်ကွက်၊ အကွက်အမှတ်/အမည်- ၈၃၉/ကုက္ကိုကုန်း၊ မြေကွက်အမှတ် - (၁၂၉၊ ၁၃၂၊ ၁၃၀/၁၊ ၁၃၃/၁)၊ **မြေဧရိယာ ၀. ၂၁၅ ဧက** အား **ထီးချိုင့်မြို့နယ်စာရင်းစစ်ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၁၅၈၀/၂၀၁၈)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဇဟာကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၉၉/ကဒွန်းရှောင်အရှေ့ဥယျာဉ်နံပါတ် (၃) ကွင်း၊ မြေကွက်အမှတ် (၂၅၃) ရှိ **ဇဟာတောရကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ ၂၁. ၆၅ ဧကအနက်မှ **၀. ၀၄ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန် အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ -၃၄ နှင့်အညီ **သိမ်ဒါယိကာမ ဒေါ်ဇင်မာဦး [၆/ထဝန (နိုင်) ၀၇၂၀၈၄]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေး ခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၁၅၈၁/၂၀၁၈)

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်/အမည်- ၁၆၆-ခ/ခိုလမ်အနောက် (အချပ်ရေ-၁)၊ ဦးပိုင်အမှတ်-၁၈၊ မြေကွက်အမှတ်-၂၂၊ **မြေဧရိယာ ၀. ၂၈၀ ဧက** အား **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး (ခိုလမ်မြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၅၈၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- ၁၉၃၃/အမြင့်မြို့မ၊ ဦးပိုင်အမှတ် (F-၅၅၀) မှ **မြေဧရိယာ ၄. ၅၀ ဧက** အား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ **ချောင်းဦးမြို့နယ် ရဲတပ်ဖွဲ့၊ အမြင့်ရဲကင်းစခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၅၈၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၅၄/စုပေါင်းရုံးရပ်၊ ဦးပိုင်အမှတ်-၄၇+၄၈+၄၉+၅၀+၅၁+၅၂+၅၃+၅၄+၅၅+၅၆+ ၅၇+ ၅၈+၅၉+၆၀+၆၁+၆၂+၆၃+၆၄+၆၅+၆၆+၆၇+၆၈+၆၉၊ **မြေဧရိယာ ၂. ၉၅၆ ဧက** အား **အကျဉ်းဦးစီး ဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၅၈၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသည့် အတွက် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ စစ်တွင်းရပ်ကွက်၊ ကွင်းအမှတ်/အမည်- B/ မြို့မရပ်၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၅၉) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၆၈၈ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှု အပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၈၄၃/၁-ကော်မတီ/ မြေ (ဗဟို)/ ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၆၈၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၈၉/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၈၃၇/ ထီးချိုင့်ကွင်း)၊ မြေကွက်အမှတ် (၃၉၄/၈၇၅) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၉၁ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၈၃၈/၁-ကော်မတီ/ မြေ (ဗဟို)/ ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၉၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၉၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ အရာရှိ (၂) ဦးတို့အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည် -

(က) ရဲ ၁၉၈၃ ရဲမှူးကြီး ရွှေညာမောင်
ဌာနမှူး၊ တားဆီးဌာန
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(ခ) ရဲ ၂၄၂၇ ဒုတိယရဲမှူးကြီး ခင်မောင်သန်း
ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဥတ္တရခရိုင်
နေပြည်တော်ရဲတပ်ဖွဲ့

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၉၁/၂၀၁၈)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ရဲ ၁၇၆၅ ရဲမှူးကြီး စန်းလွင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၆၀၀/၂၀၁၈)

### နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များမှ ဖွင့်ရန်ကျန် ရဲစခန်းများအား ခုနှိမ်ဖွင့်လှစ်ခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၈) မှ သဘောတူခွင့်ပြုချက် အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များတွင် ဖွင့်လှစ်ရန်ကျန်ရှိနေသည့် ရဲစခန်း ၁၁၇ ခု အနက်မှ ရဲကင်းစခန်း ၄ ခုအား အောက်ဖော်ပြပါအတိုင်း ခုနှိမ်ပြောင်းရွှေ့ဖွင့်လှစ်ခွင့် ပြုလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊<br>နောင်မွန်းမြို့နယ်<br>အပီတောင်ရဲကင်းစခန်း | **မှ** | မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်<br>စလင်းမြို့နယ်၊ ဖောင်းလင်းရဲကင်းစခန်း |
| (၂) | ချင်းပြည်နယ်၊ ဖလမ်းခရိုင်<br>တွန်းဇံမြို့နယ်၊ ဒါရ်ခိုင်ရဲကင်းစခန်း | **မှ** | ချင်းပြည်နယ်၊ ဖလမ်းခရိုင်<br>တွန်းဇံမြို့နယ်၊ ဟန်ကင်ရဲကင်းစခန်း |

| | | | |
|---|---|---|---|
| (၃) | ကချင်ပြည်နယ်၊ ပူတာအိုခရိုင်<br>ပူတာအိုမြို့နယ်<br>ဆွမ်ပိရန်ရဲကင်းစခန်း | **မှ** | စစ်ကိုင်းတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ...<br>ကျောင်းကုန်းမြို့နယ်<br>ဝက်ချောင်းရဲကင်းစခန်း |
| (၄) | ကချင်ပြည်နယ်၊ ပူတာအိုခရိုင်<br>ပူတာအိုမြို့နယ်<br>လုံရှာရမ်ရဲကင်းစခန်း | **မှ** | မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်<br>ပုသိမ်ကြီးမြို့နယ်၊ ဇီးအုပ်ရဲကင်းစခန်း |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၆၀၁/၂၀၁၈)

### တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ ဖွဲ့စည်းပုံကို မူလအင်အား မပြောင်းလဲဘဲ ပြင်ဆင်သွတ်သွင်းဖွဲ့စည်းခွင့်ပြုခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၈) မှ သဘောတူခွင့်ပြုချက်အရ တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၏ ဖွဲ့စည်းပုံကို မူလအင်အား မပြောင်းလဲဘဲ အရာထမ်း ၃၃ နေရာ၊ အမှုထမ်း ၂၅၁ နေရာ၊ စုစုပေါင်းဝန်ထမ်း ၂၈၄ နေရာဖြင့် ပြင်ဆင်သွတ်သွင်းဖွဲ့စည်းခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၆၀၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

၁။ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်တွင် လမူးမော်ကျေးရွာအုပ်စုအတွင်းရှိ ဘူးရွှေမော်၊ ငရုပ်တောင်နှင့် ချောင်းကြီးနားကျေးရွာ (၃) ရွာကို စုစည်း၍ ဘူးရွှေမော်ကျေးရွာအုပ်စုအဖြစ် တိုးချဲ့ဖွဲ့စည်းပြီး ကျန်ရှိသည့်ကျေးရွာ (၇) ရွာကို မြေဧရိယာ (၇၀၀၉၈) ဧကဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

**(က) ကျေးရွာအုပ်စု (၁) အုပ်စု တိုးချဲ့ဖွဲ့စည်းပြီး ကျေးရွာအုပ်စု (၁) အုပ်စု ဧရိယာပြင်ဆင်ခြင်း**

| မူလကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| (၁) လမူးမော် | (၁) လမူးမော် | (၁) လမူးမော် | (၁) လမူးမော် |
| | (၂) ကြက်ကိုင်း | | (၂) ကြက်ကိုင်း |
| | (၃) ရကာကြီး | | (၃) ရကာကြီး |
| | (၄) ရွာသစ် | | (၄) ရွာသစ် |
| | (၅) လိပ်ကုံဘောင် | | (၅) လိပ်ကုံဘောင် |
| | (၆) ပဒုံကိုင်း | | (၆) ပဒုံကိုင်း |
| | (၇) သူငယ် | | (၇) သူငယ် |
| | (၈) ဘူးရွှေမော် | (၂) **ဘူးရွှေမော်** | (၁) ဘူးရွှေမော် |
| | (၉) ချောင်းကြီးနား | | (၂) ချောင်းကြီးနား |
| | (၁၀) ငရုပ်တောင် | | (၃) ငရုပ်တောင် |

၂။ အထက်ဖော်ပြပါအတိုင်း ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်တွင် ကျေးရွာအုပ်စု (၁) အုပ်စု တိုးချဲ့ဖွဲ့စည်းပြီး ကျေးရွာအုပ်စု (၁) အုပ်စု ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် တောင်ကုတ်မြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့်

နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် တောင်ကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၁၆၀၃/၂၀၁၈)

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ်၊ ဘောလခဲမြို့၊ ရှမ်းပိုင်းရပ်ကွက်ကို မူလမြေဧရိယာ (၁၈၂. ၂၇၉) ဧကဖြင့် ဖွဲ့စည်းထားရာမှ လယ်ယာမြေအခြားနည်းအသုံးပြုခွင့်ရရှိပြီးဖြစ်သည့် မြေဧရိယာ (၁၉. ၃၂) ဧကကို ထည့်သွင်း၍ စုစုပေါင်းမြေဧရိယာ (၂၀၁. ၅၉၉) ဧကဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

**(က) မြို့ဧရိယာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

| မူလမြို့ | မူလရပ်ကွက် | ပြုပြင်ဖွဲ့စည်းပြီး မြို့ | ပြုပြင်ဖွဲ့စည်းပြီး ရပ်ကွက် |
|---|---|---|---|
| (၁) ဘောလခဲ | (၁) ရှမ်းပိုင်း | (၁) ဘောလခဲ | (၁) **ရှမ်းပိုင်း** |
| | (၂) ကယားပိုင်း | | (၂) ကယားပိုင်း |

၂။ အထက်ဖော်ပြပါအတိုင်း ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ်၊ ဘောလခဲမြို့၊ ရှမ်းပိုင်းရပ်ကွက်ဧရိယာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ဘောလခဲမြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ဘောလခဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်း ဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၁၆၀၄/၂၀၁၈)

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာခရိုင်ကို ကသာမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ဗန်းမောက်မြို့နယ်၊ အင်းတော်မြို့နယ်၊ ကောလင်းမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ပင်လည်ဘူးမြို့နယ် (၇) မြို့နယ်ဖြင့် ဖွဲ့စည်းထားရာမှ ကသာမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ဗန်းမောက်မြို့နယ်နှင့် အင်းတော်မြို့နယ် (၄) မြို့နယ်ကို စုစည်း၍ ကသာခရိုင် အဖြစ်လည်းကောင်း၊ ကောလင်းမြို့နယ်၊ ဝန်းသိုမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ် (၃) မြို့နယ်ကို စုစည်း၍ ကောလင်းခရိုင်အဖြစ်လည်းကောင်း ခရိုင် (၂) ခရိုင် တိုးချဲ့ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း လိုက်သည် -

| မူလခရိုင် | မူလမြို့နယ် | ပြုပြင်ဖွဲ့စည်းပြီး ခရိုင် | ပြုပြင်ဖွဲ့စည်းပြီး မြို့နယ် |
|---|---|---|---|
| (၁) ကသာ | (၁) ကသာ | (၁) ကသာ | (၁) ကသာ |
| | (၂) ထီးချိုင့် | | (၂) ထီးချိုင့် |
| | (၃) ဗန်းမောက် | | (၃) ဗန်းမောက် |
| | (၄) အင်းတော် | | (၄) အင်းတော် |
| | (၅) ကောလင်း | (၂) **ကောလင်း** | (၁) ကောလင်း |
| | (၆) ဝန်းသို | | (၂) ဝန်းသို |
| | (၇) ပင်လည်ဘူး | | (၃) ပင်လည်ဘူး |

၂။ အထက်ဖော်ပြပါအတိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အား ကသာခရိုင်နှင့် ကောလင်းခရိုင် ဟူ၍ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ကသာခရိုင်နှင့် ကောလင်းခရိုင်အတွင်း ပါဝင်သည့် မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာ အကျယ်အဝန်းနှင့် နယ်နိမိတ် အလားအလာ သတ်မှတ်ချက်များသည် စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့် အတိုင်းဖြစ်သည်။

၃။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်၊ တောင်ဦးကျေးရွာအုပ်စုကို ကျေးရွာ (၃) ရွာဖြင့် ဖွဲ့စည်းထားရာမှ တောင်ဦးကျေးရွာနှင့် ပျဉ်သာကျေးရွာ (၂) ရွာကိုစုစည်း၍ အောင်မေတ္တာရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး အဆိုပါကျေးရွာ (၂) ရွာအား ပယ်ဖျက်ခြင်း၊ ကျန်ရှိသည့် အင်းကျော်ကျေးရွာကို နီးစပ်ရာ ဦးယျဉ်ကျေးရွာအုပ်စုအတွင်းသို့ ထည့်သွင်းဖွဲ့စည်း၍ တောင်ဦးကျေးရွာအုပ်စုအား ပယ်ဖျက်ခြင်း၊ ခုံသာကျေးရွာအုပ်စုတွင် ကြံစက်ကုန်းကျေးရွာ (၁) ရွာ တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

**(က) ရပ်ကွက်တိုးချဲ့ဖွဲ့စည်းခြင်း**

| မူလမြို့ | မူလရပ်ကွက် | ပြုပြင်ဖွဲ့စည်းပြီး မြို့ | ပြုပြင်ဖွဲ့စည်းပြီး ရပ်ကွက် |
|---|---|---|---|
| (၁) ကလေး | (၁) ညောင်ပင်သာ | (၁) ကလေး | (၁) ညောင်ပင်သာ |
| | (၂) မင်္ဂလာဥယာဉ် | | (၂) မင်္ဂလာဥယာဉ် |
| | (၃) အောင်မင်္ဂလာ | | (၃) အောင်မင်္ဂလာ |
| | (၄) အောင်မြေမာန် | | (၄) အောင်မြေမာန် |
| | (၅) အောင်သစ္စာ | | (၅) အောင်သစ္စာ |
| | (၆) အောင်ဇေယျ | | (၆) အောင်ဇေယျ |
| | (၇) ပင်လုံ | | (၇) ပင်လုံ |
| | (၈) ချမ်းမြေ့အောင်စည် | | (၈) ချမ်းမြေ့အောင်စည် |
| | (၉) တပ်ဦးသီတာ | | (၉) တပ်ဦးသီတာ |
| | (၁၀) သဇင် | | (၁၀) သဇင် |
| | (၁၁) တာဟန်း | | (၁၁) တာဟန်း |
| | (၁၂) စမ်းမြို့ | | (၁၂) စမ်းမြို့ |
| | (၁၃) တောင်ဖီလာ | | (၁၃) တောင်ဖီလာ |
| | (၁၄) တောင်ဇလပ် | | (၁၄) တောင်ဇလပ် |
| | (၁၅) ကြို့သုံးပင် | | (၁၅) ကြို့သုံးပင် |
| | (၁၆) လှိုင်သာယာ | | (၁၆) လှိုင်သာယာ |
| | (၁၇) မြို့လှ | | (၁၇) မြို့လှ |
| | (၁၈) အင်ဒိုင်းကုန်း | | (၁၈) အင်ဒိုင်းကုန်း |
| | (၁၉) မြို့သာ | | (၁၉) မြို့သာ |
| | | | (၂၀) **အောင်မေတ္တာ** |

**( ခ ) ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့ပယ်ဖျက်ပြင်ဆင်ဖွဲ့စည်းခြင်း**

| မူလကျေးရွာ အုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| (၁) **တောင်ဦး** | (၁) တောင်ဦး | - | - |
| | (၂) ပျဉ်သာ | | |
| | (၃) အင်းကျော် | | |
| (၂) ဦးယျဉ် | (၁) ဦးယျဉ် | (၁) ဦးယျဉ် | (၁) ဦးယျဉ် |
| | (၂) အူဒူ | | (၂) အူဒူ |
| | | | (၃) **အင်းကျော်** |

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၃) ခုံသာ | (၁) ခုံသာ (အနောက်) | (၁) ခုံသာ | (၁) ခုံသာ (အနောက်) |
| | (၂) ခုံသာ (အရှေ့) | | (၂) ခုံသာ (အရှေ့) |
| | (၃) (၅၆) မိုင် | | (၃) (၅၆) မိုင် |
| | (၄) (၅၅) မိုင် | | (၄) (၅၅) မိုင် |
| | | | (၅) **ကြံစက်ကုန်း** |

၄။ အထက်ဖော်ပြပါအတိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်တွင် ရပ်ကွက် (၁) ရပ်ကွက်နှင့် ကျေးရွာ (၁) ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု (၁) အုပ်စု ပြင်ဆင်ဖွဲ့စည်း၍ ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၂) ရွာ ပယ်ဖျက်ခြင်းတို့ကြောင့် ကလေးမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ကလေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်း ဖြစ်သည်။

၅။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်တွင် ဇီးပေါက်ကျေးရွာအုပ်စုမှ မောင်းဦးကုန်းကျေးရွာ (၁) ရွာ ပယ်ဖျက်ခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) ဇီးပေါက် | (၁) ဇီးပေါက် | (၁) ဇီးပေါက် | (၁) ဇီးပေါက် |
| | (၂) ရွာသစ်ကုန်း | | (၂) ရွာသစ်ကုန်း |
| | (၃) တောင်ကျောင်း | | (၃) တောင်ကျောင်း |
| | (၄) နွားကူး | | (၄) နွားကူး |
| | (၅) လိပ်ခြုံ | | (၅) လိပ်ခြုံ |
| | (၆) **မောင်းဦးကုန်း** | | |

၆။ အထက်ဖော်ပြပါအတိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်တွင် ကျေးရွာ (၁) ရွာ ပယ်ဖျက်ခြင်းကြောင့် တန့်ဆည်မြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် တန့်ဆည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

၇။ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်အတွင်းရှိ စန္ဒားကျေးရွာအုပ်စုမှ မြင်းစီးကုန်း၊ သဖန်းကုန်းနှင့် ဇီးပင်သာကျေးရွာ (၃) ရွာ အား စုစည်း၍ စန္ဒားကျေးရွာအဖြစ် အောက်ပါအတိုင်း အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) စန္ဒား | (၁) **မြင်းစီးကုန်း** | (၁) စန္ဒား | (၁) **စန္ဒား** |
| | (၂) **သဖန်းကုန်း** | | (၂) ကျွန်း |
| | (၃) **ဇီးပင်သာ** | | (၃) ရွာသာ |
| | (၄) ကျွန်း | | (၄) ဇောင်းကလော |
| | (၅) ရွာသာ | | (၅) စက်တော |
| | (၆) ဇောင်းကလော | | (၆) လိုင်မခံ |
| | (၇) စက်တော | | (၇) လွင်ဦး |
| | (၈) လိုင်မခံ | | |
| | (၉) လွင်ဦး | | |

၈။ အထက်ဖော်ပြပါအတိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်တွင် ကျေးရွာ (၃) ရွာကို စုစည်း၍ စန္ဒားကျေးရွာအဖြစ် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ဖောင်းပြင်မြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ဖောင်းပြင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

၉။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်အတွင်းရှိ ဟဲဇင်းကျေးရွာအုပ်စု၊ ဟဲဇင်းကျေးရွာသည် မူလရွာမြေ (၂၀. ၇၁၀) ဧကရှိရာမှ မြေဧရိယာ (၂၅. ၆၇၅) ဧကအား ကျေးရွာမြေအဖြစ် တိုးချဲ့ဖွဲ့စည်းပြီး စုစုပေါင်းမြေဧရိယာ (၄၆. ၃၈၅) ဧကဖြင့် ဟဲဇင်းကျေးရွာ၏ နယ်နိမိတ်ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီးကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီးကျေးရွာ** |
|---|---|---|---|
| (၁) ဟဲဇင်း | (၁) ဟဲဇင်း | (၁) ဟဲဇင်း | (၁) **ဟဲဇင်း** |
| | (၂) ရေနန်း | | (၂) ရေနန်း |
| | (၃) ချောင်းဆုံ | | (၃) ချောင်းဆုံ |

၁၀။ အထက်ဖော်ပြပါအတိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်တွင် ကျေးရွာ (၁) ရွာ နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် တမူးမြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် တမူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၁၆၀၅/၂၀၁၈)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ သိန်ခွန်းကျေးရွာအုပ်စုတွင် ကျေးရွာ (၁၀) ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ (၉) ရွာ ပယ်ဖျက်ခြင်း၊ ကျေးရွာအုပ်စု (၂) အုပ်စု တိုးချဲ့၍ ကျေးရွာအုပ်စု (၁) အုပ်စု ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီးကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီးကျေးရွာ** |
|---|---|---|---|
| (၁) သိန်ခွန်း | (၁) သိန်ခွန်း | (၁) သိန်ခွန်း | (၁) သိန်ခွန်း |
| | (၂) ထုံခ | | (၂) ထုံခ |
| | (၃) ကော့ယွန်း | | (၃) ကော့ယွန်း |
| | (၄) တာပလပ် | | (၄) **ချောင်းနှစ်ပေါက်** |
| | (၅) ချောင်းနောက်ပြန် | | (၅) **သဲဖြူ** |
| | (၆) **ထုံန** | | |
| | (၇) **တောင်တိန်း** | | |
| | (၈) **လက်ပံသောင်** | | |
| | (၉) **ချောင်းဝ** | | |
| | (၁၀) **ကွမ်းသီးတော** | | |
| | (၁၁) **ရမ်းချုံး** | | |
| | (၁၂) **အုန်းပင်ကွင်း** | | |

| မူလကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီးကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီးကျေးရွာ |
|---|---|---|---|
| | (၁၃) **တုံမနောင်း** | | |
| | (၁၄) **ငဝန်ချောင်းဝ** | | |
| | | (၂) **ချောင်းလမု** | (၁) **ချောင်းလမု** |
| | | | (၂) ချောင်းနောက်ပြန် |
| | | | (၃) **အေးသာယာ** |
| | | | (၄) တာပလပ် |
| | | | (၅) **အေးမွန်သာ** |
| | | (၃) **အမှတ် (၉)** | (၁) **အမှတ် (၉)** |
| | | | (၂) **အမှတ် (၆)** |
| | | | (၃) **အမှတ် (၅)** |
| | | | (၄) **အမှတ် (၃)** |
| | | | (၅) **တကောဖောလူ** |

၂။ အထက်ဖော်ပြပါအတိုင်း တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ သိန်ခွန်းကျေးရွာအုပ်စုတွင် ကျေးရွာ (၁၀) ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ (၉) ရွာ ပယ်ဖျက်ခြင်း၊ ကျေးရွာအုပ်စု (၂) အုပ်စု တိုးချဲ့၍ ကျေးရွာအုပ်စု (၁) အုပ်စု ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် တနင်္သာရီမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် တနင်္သာရီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၁၆၆၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ရဲတပ်ဖွဲ့၊ ခရိုင်အရန်တပ်ခွဲ ဖွင့်လှစ်ရန်အတွက် ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ (၈) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-(၈၆၁-က/၂/အောင်ပင်လယ်)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၁) ရှိ **စုစုပေါင်းမြေဧရိယာ ၂. ၅၅၅ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၈၆၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၅၅၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၆၆၄/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်နှင့် ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်တို့အတွင်းရှိ

အောက်ဖော်ပြပါ **စုစုပေါင်းမြေဧရိယာ ၅. ၆၉ ဧက** ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်တွင် စာအမှတ်၊ ၁၈၉၀/ ၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈၊ ၁၈၉၁/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ နှင့် ၁၈၉၂/၁-ကော်မတီ/ မြေ (ဗဟို)/၂၀၁၈ တို့ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည် -

| စဉ် | မြို့နယ် | ရပ်ကွက်/ ကျေးရွာ အုပ်စုအမည် | ကွင်းအမှတ်/ အမည် | ဦးပိုင်/ မြေကွက် အမှတ် | မြေအမျိုး အစား | မြေ ဧရိယာ | အပ်နှံသည့် ဌာနအမည် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ဂန့်ဂေါ | ကန်ကျေးရွာ | ၁၀၅/တောင် ကွင်း | - | ကျန် အခြားမြေ | ၂. ၉၀ | စားသုံးသူရေးရာ ဦးစီးဌာန | ပိုလျှံ၍ စွန့်လွှတ်ခြင်း |
| ၂ | ပေါက် | သမားတော် ကျေးရွာ | ၁၅၆၂/ ရေပြာ | ၈၂/က ၂၂၇ | ရွာမြေ | ၀. ၅၅ | စားသုံးသူရေးရာ ဦးစီးဌာန | ပိုလျှံ၍ စွန့်လွှတ်ခြင်း |
| ၃ | ဂန့်ဂေါ | နှမ်းခါး ကျေးရွာ | ၅၈/နှမ်းခါး ရွာမကွင်း | - | ကျန် အခြားမြေ | ၂. ၂၄ | စားသုံးသူရေးရာ ဦးစီးဌာန | ပိုလျှံ၍ စွန့်လွှတ်ခြင်း |
| **စုစုပေါင်းမြေဧရိယာ** | | | | | | ၅. ၆၉ | | |

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **စုစုပေါင်းမြေဧရိယာ ၅. ၆၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၆၆၅/ ၂၀၁၈)

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းက မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ ဝင်းပြန် ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-(၂၈၁/ချောင်းပြန့်ကွင်း)၊ မြေအမျိုးအစား - မြေလွတ်၊ မြေရိုင်းခွင့်ပြုမိန့် ကျပြီးမြေ၊ ဦးပိုင်အမှတ် (၁) ရှိ **မူလရှိ မြေဧရိယာ ၁၄၉၃. ၅၆ ဧက** အနက် **မြေဧရိယာ ၃၂၅. ၀၆ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၁၈၈၉/၁-ကော်မတီ/ မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃၂၅. ၀၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၆၆၇/ ၂၀၁၈)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၄) အထည်စက်ရုံ (ပွင့်ဖြူ) မှ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- (၉၁၆/ရွာသစ်တောင်)၊ မြေအမျိုးအစား-စက်ရုံမြေ၊ မြေကွက်အမှတ် (၁၁၉၉၊ ၁၂၀၀၊ ၁၂၀၁၊ ၁၂၀၅၊ ၁၂၀၆) ရှိ **မူလရှိမြေဧရိယာ ၁၀၀. ၀၀ ဧက** အနက်မှ **စုစုပေါင်းမြေဧရိယာ ၅. ၀၀ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် အသုံးပြုရန်မရှိသည့်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံ လာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၁၈၈၂/၁-ကော်မတီ/ မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၄) အထည်စက်ရုံ (ပွင့်ဖြူ) မှ အသုံးပြုရန်မရှိသည့်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၅. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၇၈/ ၂၀၁၈**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ၊ အနုပညာအထက်တန်းကျောင်း (မန္တလေး) မှ ကျောင်းအုပ် (ပန်းချီ/ပန်းပု)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဒေါ်ခိုင်သဇင်ထွေး အား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ အနုပညာဌာနခွဲ၊ ပန်းချီပညာဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ကထိက (ပန်းချီ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူရာထူးတူဖြင့် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

**ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်အဖြစ် သတ်မှတ်ခြင်း**

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ဟိုခိုကျေးရွာအနီးရှိ သမိုင်းဝင်ဆရာစံသဘာဝထုံးကျောက်ဂူအား ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone) အဖြစ် အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(က) မြောက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၉၄၀) ပေအကွာ တောင်ယာသွားလမ်း မြောက်ဘက်အနီး GPS Position Point MZ-1 N 22° 24' 56.5" E 96° 30' 59.7" အထိလည်းကောင်း (GPS Position Point MZ-7 မှ အရှေ့မြောက်ဘက် ၇၉၅ ပေအကွာအထိ)

(ခ) အရှေ့မြောက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၇၆၁) ပေအကွာ တောင်ယာသွားလမ်းနံဘေး GPS Position Point MZ-2 N 22° 24' 53.9" E 96° 31' 3.7" အထိလည်းကောင်း (GPS Position Point MZ-1 မှ အရှေ့တောင်ဘက် ၄၅၇ ပေအကွာအထိ)

(ဂ) အရှေ့ဘက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၄၆၁) ပေအကွာ တောင်ယာသွားလမ်းနံဘေး GPS Position Point MZ-3 N 22° 24' 46.9" E 96° 31' 4.7" အထိလည်းကောင်း (GPS Position Point MZ-2 မှ တောင်ဘက် ၇၁၀ ပေအကွာအထိ)

(ဃ) တောင်ဘက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၄၂၃) ပေအကွာ ယာခင်းအစပ် GPS Position Point MZ-4 N 22° 24' 42.9" E 96° 31' 0.2" အထိလည်းကောင်း (GPS Position Point MZ-3 မှ အနောက်တောင်ဘက် ၅၅၃ ပေအကွာအထိ)

(င) အနောက်တောင်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၁၃၂၀) ပေအကွာ တောင်ယာသွားလမ်းအနောက်ဘက်ကပ်လျက် GPS Position Point MZ-5 N 22° 24' 40" E 96° 30' 48.2" အထိလည်းကောင်း (GPS Position Point MZ-4 မှ အနောက်တောင်ဘက် ၁၁၆၂ ပေအကွာအထိ)

(စ) အနောက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၁၃၄၇) ပေအကွာ ယာခင်းအတွင်း GPS Position Point MZ-6 N 22° 24' 45.1" E 96° 30' 48.8" အထိလည်းကောင်း (GPS Position Point MZ-5 မှ အနောက်မြောက်ဘက် ၅၅၈ ပေအကွာအထိ)

(ဆ) အနောက်မြောက်သို့လားသော် ဂူအမှတ် (၁) ဝင်ပေါက်မှ (၈၀၃) ပေအကွာ ယာခင်းအတွင်း GPS Position Point MZ-7 N 22° 24' 51.7" E 96° 30' 52.9" အထိလည်းကောင်း (GPS Position Point MZ-6 မှ အရှေ့မြောက်ဘက် ၉၄၆ ပေအကွာအထိ)

၂။ အထက်ဖော်ပြပါ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက် ဧရိယာစုစုပေါင်း (၄၀) ဧကခန့်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမှုတွဲအမှတ်၊ ၂/၃-၁၁/ယဉ်ကျေးမှု (၅၇၆၈) ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင်ပါရှိသည့် မြေပုံနှင့် စာရင်းဇယားများပါ အသေးစိတ်ဖော်ပြချက်အတိုင်း ဖြစ်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၆/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ပဲခူးတိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးဦးစီးဌာနမှူး/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစိုးကျော်မြင့် ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၀/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားခရိုင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးအောင်မျိုးလွင် အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၀၆/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

### သက်ပြည့်အငြိမ်းစား ယူခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၄) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ခံစားခွင့်ပြုပြီး အသက် (၆၀) ပြည့်သည့်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ လက်ရှိရုံး | အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် | | အသက် (၆၀) ပြည့်သည့်နေ့ |
|---|---|---|---|---|
| | | မှ | ထိ | |
| (က) | ဦးမျိုးဝင်း၊ ဦးစီးအရာရှိ (မြို့ပြ) လက်ထောက်ညွှန်ကြားရေးမှူး (တိုင်းတာရေး) ရုံး၊ စူးစမ်းလေ့လာရေး ဌာနခွဲ၊ မိတ္ထီလာမြို့ | ၁၄-၁-၂၀၁၉ | ၁၃-၅-၂၀၁၉ | ၁၄-၅-၂၀၁၉ |
| (ခ) | ဒေါ်မဉ္ဇူစော၊ ညွှန်ကြားရေးမှူး (မြို့ပြ) ညွှန်ကြားရေးမှူးရုံး၊ စူးစမ်းလေ့လာရေး ဌာနခွဲ၊ ရန်ကုန်မြို့ | ၂၈-၁-၂၀၁၉ | ၂၇-၅-၂၀၁၉ | ၂၈-၅-၂၀၁၉ |
| (ဂ) | ဦးခင်မောင်သန်း၊ ဦးစီးအရာရှိ (မြို့ပြ) လက်ထောက်ညွှန်ကြားရေးမှူးရုံး တည်ဆောက်ရေး (၉)၊ ရန်ကုန်မြို့ | ၂၄-၁-၂၀၁၉ | ၂၃-၅-၂၀၁၉ | ၂၄-၅-၂၀၁၉ |
| (ဃ) | ဦးဟန်စိုး၊ ဦးစီးအရာရှိ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့ | ၂၁-၁-၂၀၁၉ | ၂၀-၅-၂၀၁၉ | ၂၁-၅-၂၀၁၉ |

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

### နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဘဏ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်ပိုမိုထက်မြက်လာ စေရန်ရည်ရွယ်၍ ပြုပြင်ပြောင်းလဲဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သောမူဘောင်များကို လေ့လာဆန်းစစ် သုံးသပ်နိုင်ရန်အတွက် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၃/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၌ ကျင်းပသည့် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ၏ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဆင့် (၂) အဖြစ် ဆက်လက်ဆောင်ရွက်ရန် နှင့်စပ်လျဉ်းသည့် အစည်းအဝေးဆွေးနွေးချက်အရ **နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းဥပဒေ၊ စည်းမျဉ်းနှင့် ငွေကြေးခဝါချမှု<br>တိုက်ဖျက်ရေးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဈ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အတွင်းရေးမှူး |

၃။ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအောင်မြင်စေရန် အထောက်အကူပြု ဆောင်ရွက်ရန်၊

(ခ) နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရာတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများအား ခေတ်နှင့်အညီ ပြင်ဆင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံပိုင်ဘဏ်များ ဖွံ့ဖြိုးလာစေခြင်းဖြင့် နိုင်ငံပိုင်ငွေရေးကြေးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ခေတ်မီတိုးတက်လာစေရန်၊

(ဃ) ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဘဏ်ဝန်ထမ်းများစွမ်းဆောင်ရည် မြင့်မားရေး၊ တိုင်းကျိုးပြည်ပြုဘဏ်လုပ်ငန်းများဆောင်ရွက်ရေး ဦးတည်ကြိုးပမ်းရန်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**(၂၀၁၈ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၂။)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့်ကာလအတွက်သာ ဖြစ်ရမည်။

## အပိုင်း ၂
## ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)
### ရငွေများနှင့် သုံးငွေများ

၂။ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုမှ ထောက်ပံ့ငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၄။ (က) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲ ရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်း သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း များတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ် လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

(ဃ) ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ စီမံခန့်ခွဲသုံးစွဲရာတွင် ပြည်နယ် လွှတ်တော်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၅။ ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း (၂)
## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက် တစ်ရပ်ရပ် အတွက် ပြည်နယ်အစိုးရဌာနတစ်ခုခုအား ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူခွင့်ပြုနိုင်သည်။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ရရှိသောချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းများသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၇။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ဤအခန်း (၂) ပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးသည် ဤအခန်း (၂) အရ ငွေချေးယူသော ကိစ္စရပ်များအတွက် ပြည်နယ်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

အယ်လ်ဖောင်းရှို
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရ/ပြည်နယ်လွှတ်တော်/ပြည်နယ်တရားလွှတ်တော်/ပြည်နယ်ဥပဒေချုပ်/ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူ ရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | အစိုးရအဖွဲ့ရုံး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၅.၀၀၀ | | ၃,၇၁၆.၉၇၇ | | | | | | | **၃,၇၃၁.၉၇၇** |
| ၂ | လွှတ်တော်ရုံး | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၃.၆၀၀ | | | | | | | **၃.၆၀၀** |
| ၃ | တရားရုံးများ | ပြည်နယ်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၉.၀၀၀ | | | | | | | **၉.၀၀၀** |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၀၂၂ | | | | | | | **၀.၀၂၂** |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၀၅၆ | | | | | | | **၀.၀၅၆** |
| **ပေါင်း** | | | **၁၅.၀၀၀** | | **၃,၇၂၉.၆၅၅** | | | | | | | **၃,၇၄၄.၆၅၅** |

## ပြည်နယ်အစိုးရ/ပြည်နယ်လွှတ်တော်/ပြည်နယ်တရားလွှတ်တော်/ပြည်နယ်ဥပဒေချုပ်/ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | အစိုးရအဖွဲ့ရုံး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂,၈၄၅. ၈၂၀ | | | ၂၀,၆၉၇. ၈၄၆ | | | | ၂၃,၅၄၃. ၆၆၆ |
| ၂ | လွှတ်တော်ရုံး | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၃၄. ၀၆၁ | | | ၁,၄၉၄. ၀၅၁ | | | | ၂,၀၂၈. ၁၁၂ |
| ၃ | တရားရုံးများ | ပြည်နယ်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၆. ၄၀၂ | | | | | | | ၅၆. ၄၀၂ |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၂၃၇. ၅၄၇ | | | ၁၄၄. ၉၂၈ | | | | ၃၈၂. ၄၇၅ |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄၃၃. ၉၆၉ | | | ၃၅. ၄၀၀ | | | | ၄၆၉. ၃၆၉ |
| ပေါင်း | | | ၄,၁၀၇. ၇၉၉ | | | ၂၂,၃၇၂. ၂၂၅ | | | | ၂၆,၄၈၀. ၀၂၄ |

# ပြည်နယ်အဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | ရငွေများ: ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ရငွေများ: အခြားသာမန်ရငွေ | ရငွေများ: အတိုးရငွေ | ရငွေများ: ငွေလုံးငွေရင်းရငွေ | ရငွေများ: ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ရငွေများ: ကြွေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ရငွေများ: ကြွေးမြီ: ချေးယူရငွေ | ရငွေများ: အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| **၁** | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၈၁. ၆၇၇** | | | | | | | | | **၈၁. ၆၇၇** |
| | ၁ | ယစ်မျိုးခွန် | | ၈၁. ၆၇၇ | | | | | | | | | ၈၁. ၆၇၇ |
| **၂** | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | **၎င်း** | **၅၈. ၄၄၀** | | | | | | | | | **၅၈. ၄၄၀** |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၂၃. ၈၈၆ | | | | | | | | | ၂၃. ၈၈၆ |
| | ၂ | ရေခွန် | | | | | | | | | | | |
| | ၃ | တာတမံခွန် | | | | | | | | | | | |
| | ၄ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်သစ်တောခွန် | | ၁၂. ၃၅၄ | | | | | | | | | ၁၂. ၃၅၄ |
| | ၅ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | | ၂၀. ၄၀၀ | | | | | | | | | ၂၀. ၄၀၀ |
| | ၆ | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ | | ၀. ၈၀၀ | | | | | | | | | ၀. ၈၀၀ |
| **၃** | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | **၎င်း** | **၁၆၈. ၅၇၃** | | | | | | | | | **၁၆၈. ၅၇၃** |
| | ၁ | ပစ္စည်းခွန် | | ၁၃၂. ၀၉၈ | | | | | | | | | ၁၃၂. ၀၉၈ |
| | ၂ | ဘီးခွန် | | ၃၃. ၉၂၅ | | | | | | | | | ၃၃. ၉၂၅ |
| | ၃ | အမြတ်ခွန်မှ ရရှိသော ဝေစု | | ၂. ၅၅၀ | | | | | | | | | ၂. ၅၅၀ |
| **၄** | | **ပြည်နယ်အဆင့်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | **၎င်း** | | | | | | | | | | |
| **၅** | | **မြေခွန်စည်းကြပ်ခ** | **၎င်း** | | | | | | | | | | |
| **၆** | | **ပြည်ထဲရေး** | **၎င်း** | | | **၁၀. ၃၂၆** | | | | | | | **၁၀. ၃၂၆** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၇. ၃၀၁ | | | | | | | ၇. ၃၀၁ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၂၅ | | | | | | | ၀. ၀၂၅ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၃. ၀၀၀ | | | | | | | ၃. ၀၀၀ |
| **၇** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **၎င်း** | | | **၂၃. ၃၄၆** | | | | | | | **၂၃. ၃၄၆** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃. ၂၅၀ | | | | | | | ၃. ၂၅၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၀. ၀၃၅ | | | | | | | ၀. ၀၃၅ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၁၆. ၆၀၀ | | | | | | | ၁၆. ၆၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၂. ၀၀၈ | | | | | | | ၂. ၀၀၈ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁. ၄၄၃ | | | | | | | ၁. ၄၄၃ |
| **၈** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၎င်း** | | | **၁. ၅၄၀** | | | | | | | **၁. ၅၄၀** |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁. ၅၀၀ | | | | | | | ၁. ၅၀၀ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀. ၀၄၀ | | | | | | | ၀. ၀၄၀ |
| **၉** | | **ကျန်းမာရေးနှင့် အားကစား** | **၎င်း** | | | **၁၂. ၅၂၂** | | | | | | | **၁၂. ၅၂၂** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၁၂. ၅၂၂ | | | | | | | ၁၂. ၅၂၂ |
| **၁၀** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **၎င်း** | | | **၁၂. ၈၆၇** | | | **၅၄,၉၃၃. ၅၈၂** | | | | **၅၄,၉၄၆. ၄၄၉** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၆၃၇ | | | | | | | ၀. ၆၃၇ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | ၀. ၀၁၈ | | | | | | | ၀. ၀၁၈ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၅၄,၉၃၃. ၅၈၂ | | | | ၅၄,၉၃၃. ၅၈၂ |
| | ၄ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၁၂. ၂၁၂ | | | | | | | ၁၂. ၂၁၂ |
| **၁၁** | | **ဆောက်လုပ်ရေး** | **၎င်း** | | | **၅၆. ၅၀၃** | | **၀. ၆၀၀** | | | | | **၅၇. ၁၀၃** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၅၁. ၄၀၃ | | ၀. ၆၀၀ | | | | | ၅၂. ၀၀၃ |
| | ၂ | လမ်းဦးစီးဌာန | | | | ၅. ၁၀၀ | | | | | | | ၅. ၁၀၀ |
| **၁၂** | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | | | **၁,၁၆၁. ၉၂၃** | | | | | | | **၁,၁၆၁. ၉၂၃** |
| | | **ပေါင်း** | | **၃၀၈. ၆၉၀** | | **၁,၂၇၉. ၀၂၇** | | **၀. ၆၀၀** | **၅၄,၉၃၃. ၅၈၂** | | | | **၅၆,၅၂၁. ၈၉၉** |

## ပြည်နယ်အဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၃,၃၃၇. ၉၇၆** | | | **၂,၄၈၈. ၈၈၅** | | | | **၅,၈၂၆. ၈၆၁** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၂,၂၂၈. ၂၇၁ | | | ၁,၄၁၈. ၀၉၄ | | | | ၃,၆၄၆. ၃၆၅ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၆၃. ၁၈၇ | | | ၄၆. ၀၄၀ | | | | ၃၀၉. ၂၂၇ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၈၄၆. ၅၁၈ | | | ၁,၀၂၄. ၇၅၁ | | | | ၁,၈၇၁. ၂၆၉ |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ရင်း** | **၁,၆၁၉. ၇၉၉** | | | **၉၂၅. ၄၈၁** | | | | **၂,၅၄၅. ၂၈၀** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၉၄၀. ၀၀၀ | | | ၂၁၁. ၄၇၇ | | | | ၁,၁၅၁. ၄၇၇ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၈၉. ၉၃၉ | | | ၂၀၃. ၁၂၀ | | | | ၂၉၃. ၀၅၉ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၁၉၂. ၀၁၇ | | | ၂၃၆. ၇၉၉ | | | | ၄၂၈. ၈၁၆ |
| | ၄ | သမဝါယမဦးစီးဌာန | | ၂၈၆. ၇၉၀ | | | ၁၀၇. ၁၄၄ | | | | ၃၉၃. ၉၃၄ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၁၁. ၀၅၃ | | | ၁၆၆. ၉၄၁ | | | | ၂၇၇. ၉၉၄ |
| **၃** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ရင်း** | **၅၇၃. ၇၆၉** | | | **၃၉၆. ၅၆၈** | | | | **၉၇၀. ၃၃၇** |
| | ၁ | သစ်တောဦးစီးဌာန | | ၄၄၆. ၃၉၇ | | | ၂၂၉. ၁၄၈ | | | | ၆၇၅. ၅၄၅ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၁၂၇. ၃၇၂ | | | ၁၆၇. ၄၂၀ | | | | ၂၉၄. ၇၉၂ |
| **၄** | | **ကျန်းမာရေးနှင့် အားကစား** | **ရင်း** | **၃၄၃. ၆၃၈** | | | **၁,၂၄၂. ၆၃၁** | | | | **၁,၅၈၆. ၂၆၉** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၃၄၃. ၆၃၈ | | | ၁,၂၄၂. ၆၃၁ | | | | ၁,၅၈၆. ၂၆၉ |
| **၅** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ရင်း** | **၅၄၉. ၃၇၉** | | | **၈၄၅. ၁၃၉** | | | | **၁,၃၉၄. ၅၁၈** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၂၁. ၇၇၃ | | | ၁၃၀. ၆၁၅ | | | | ၄၅၂. ၃၈၈ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၇၃. ၆၃၄ | | | ၁၅၅. ၅၂၁ | | | | ၂၂၉. ၁၅၅ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၀၂. ၂၇၃ | | | ၁၉၂. ၇၂၃ | | | | ၂၉၄. ၉၉၆ |
| | ၄ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၅၁. ၆၉၉ | | | ၃၆၆. ၂၈၀ | | | | ၄၁၇. ၉၇၉ |
| **၆** | | **ဆောက်လုပ်ရေး** | **ရင်း** | **၉၅၂. ၀၂၅** | | | **၁၃,၉၅၃. ၅၉၀** | | | | **၁၄,၉၀၅. ၆၁၅** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၃၃. ၈၄၇ | | | ၁,၉၀၁. ၁၀၀ | | | | ၂,၁၃၄. ၉၄၇ |
| | ၂ | လမ်းဦးစီးဌာန | | ၇၁၈. ၁၇၈ | | | ၁၂,၀၅၂. ၄၉၀ | | | | ၁၂,၇၇၀. ၆၆၈ |
| **၇** | | **စည်ပင်သာယာရေးအဖွဲ့များ** | **ရင်း** | **၁,၇၁၇. ၇၁၂** | | | **၄,၈၃၉. ၉၃၈** | | | | **၆,၅၅၇. ၆၅၀** |
| | | **ပေါင်း** | | **၉,၀၉၄. ၂၉၈** | | | **၂၄,၆၉၂. ၂၃၂** | | | | **၃၃,၇၈၆. ၅၃၀** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၅/ ၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

ပြည်ထောင်စုလွှတ်တော်ရုံး စီမံရေးဌာနကြီး၊ ဘဏ္ဍာရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ဦး အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး စီမံရေးဌာနကြီးတွင် တာဝန်ချထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၆/ ၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ပါ ဒုတိယညွှန်ကြားရေးမှူး ၂ ဦးအား ယှဉ်တွဲဖော်ပြပါ ဌာနကြီးများတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| (၁) | ဒေါ်နီနီအေး | နိုင်ငံတကာဆက်ဆံရေး၊ သုတေသနနှင့် နည်းပညာဌာနကြီး |
| (၂) | ဦးကျော်ကျော်စိုး | စီမံရေးဌာနကြီး |

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

### ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

အမှတ် ၁၂။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်၊ မှတ်တမ်း/ ကွန်ပျူတာ/နိုင်ငံတကာဌာနစုမှ ဦးစီးအရာရှိ ဒေါ်ဆုမွန်ကျော် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမှတ် ၁၃ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး** | **အစမ်းခန့်အပ်သည့်နေ့** | **အတည်ပြုခန့်အပ်သည့်နေ့** |
|---|---|---|---|
| ၁။ | ဒေါ်မြတ်ဆုထွန်း<br>ဦးစီးအရာရှိ | ၁၆-၁-၂၀၁၈ | ၁၆-၁-၂၀၁၉ |
| ၂။ | ဦးကျော်ဇင်ဝင့်<br>ဦးစီးအရာရှိ | ၁၆-၁-၂၀၁၈ | ၁၆-၁-၂၀၁၉ |

အမှတ် ၁၄ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းမှ အောက်ဖော်ပြပါ အရာထမ်း (၆) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **အစမ်းခန့်အပ်သည့်နေ့** | **အတည်ပြုခန့်အပ်သည့်နေ့** |
|---|---|---|---|
| ၁။ | ဒေါ်တင်မေစိုး<br>ပါမောက္ခ<br>သမိုင်းဌာန | ၂၅-၁-၂၀၁၈ | ၂၅-၁-၂၀၁၉ |
| ၂။ | ဒေါ်ယိန်းထန်<br>ပါမောက္ခ<br>ဇီဝဗေဒဌာန | ၂၅-၁-၂၀၁၈ | ၂၅-၁-၂၀၁၉ |
| ၃။ | ဒေါ်နန်ရှိစလင်း<br>ဒုတိယပါမောက္ခ<br>ပညာရေးစိတ်ပညာဌာန | ၂၅-၁-၂၀၁၈ | ၂၅-၁-၂၀၁၉ |
| ၄။ | ဒေါ်သီသီခိုင်<br>ဒုတိယပါမောက္ခ<br>သင်ပြနည်းဌာန | ၂၅-၁-၂၀၁၈ | ၂၅-၁-၂၀၁၉ |
| ၅။ | ဒေါ်နန်းရွှေစိန်<br>ဌာနမှူး (သင်ကြားစီမံ) | ၂၅-၁-၂၀၁၈ | ၂၅-၁-၂၀၁၉ |
| ၆။ | ဒေါ်မတင်စိန်<br>ဌာနခွဲမှူး<br>တိုင်းရင်းသားနှင့် ယဉ်ကျေးမှုဌာန | ၂၅-၁-၂၀၁၈ | ၂၅-၁-၂၀၁၉ |

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

အမှတ် ၁၅ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၂၀/ရအဖ-၂/၃၇၄/၂၀၁၈/တမ-၂ ကိုညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ (၀၇၄) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာနမှ နည်းပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်နီလာ အား လက်ထောက် ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

သိန်းဌေးဦး၊
ညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက်<br>( ၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ် ၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

၁။ အောက်ဖော်ပြပါ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း (၇) ခုတွင် လစ်လပ်လျက်ရှိသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

(က) **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | လူမှုဝန်ထမ်း ဦးစီးဌာန | ဦးစီးအရာရှိ | ၂ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc) |
| | | | ၁ နေရာ | မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း) [M.Econ (Statistics)] |
| | | | ၁ နေရာ | မဟာဝါဏိဇ္ဇဘွဲ့ (M.Com) |
| | | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)] |
| | | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့ (စိတ်ပညာ) [M.A (Psychology)] |
| | | | ၂ နေရာ | မဟာဥပဒေဘွဲ့ (LL.M) |
| | | | ၂ နေရာ | လူမှုရေးပညာဘွဲ့လွန်ဒီပလိုမာ [Diploma of Social Work (DSW)] |
| | | | ၄ နေရာ | ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှုနည်းပညာ) [B.Med Tech (Physiotherapy)] |
| | | | ၁၄ နေရာ | တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ **(ပြည်တွင်း/ပြည်ပ သာသနာ့တက္ကသိုလ်မှ ဘွဲ့များ လက်မခံပါ)** |

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၂) | ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | ဦးစီးအရာရှိ | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)]/ နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပေးအပ်သော မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်ဘာသာ) [M.A(English) (UFL)] |
| | | | ၁ နေရာ | စီးပွားရေးပညာဘွဲ့ (စာရင်းအင်း) [B.Econ (Statistics)] /စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) [B.Econ (Economics)] / ဝါဏိဇ္ဇဘွဲ့ (B.Com) |
| | | | ၁ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.SC) / မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech) |
| | | | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) [M.A(IR)] |
| (၃) | ပြန်လည်ထူထောင်ရေးဦးစီးဌာန | ဦးစီးအရာရှိ **(အမျိုးသား)** | ၁၀ နေရာ | မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ (M.A/M.Sc) |
| | | ဦးစီးအရာရှိ | ၃ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A(English)]/ နိုင်ငံခြားဘာသာတက္ကသိုလ်မှပေးအပ်သော မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်ဘာသာ) [M.A (English) (UFL)] |
| | | | ၂ နေရာ | အင်ဂျင်နီယာဘွဲ့/မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) [B.E/M.E(Civil)] |

## (ခ) ပြည်သူ့လွှတ်တော်ရုံး

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဦးစီးအရာရှိ | ၁၀ နေရာ | ပါရဂူဘွဲ့ (အင်္ဂလိပ်စာ) [Ph.D (English)]/ မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)] |
| | ၄ နေရာ | ပါရဂူဘွဲ့ (ဥပဒေ) [Ph.D (Law)]/ မဟာဥပဒေဘွဲ့ (L.L.M) /ဥပဒေဘွဲ့ (L.L.B) |
| | ၄ နေရာ | ပါရဂူဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) [Ph.D (IR)]/ မဟာဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) [M.A (IR)] |
| | ၃ နေရာ | လက်မှတ်ရပြည်သူ့စာရင်းကိုင် အောင်လက်မှတ် (C.P.A) ရရှိသူ/စာရင်းကိုင်ပညာမဟာဘွဲ့ (M.Act) |
| | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ) [M.A (Myanmar)] |

## (ဂ) ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

| ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ဦးစီးအရာရှိ | ၂၄ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ **(ပြည်တွင်း/ပြည်ပ သာသနာ့တက္ကသိုလ်မှ ဘွဲ့များ လက်မခံပါ)** |

(ယ) **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

| **စဉ်** | **ဌာန** | **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|---|---|
| (၁) | သာသနာရေး ဦးစီးဌာန | ဦးစီးအရာရှိ **(အမျိုးသား)** | ၁ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ **(ပြည်တွင်း/ ပြည်ပ သာသနာ့တက္ကသိုလ်မှ ဘွဲ့များ လက်မခံပါ)** |
| (၂) | အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်) | လက်ထောက် အင်ဂျင်နီယာ (လျှပ်စစ်/အသံ) **(အမျိုးသား)** | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (လျှပ်စစ်စွမ်းအား) [B.E (Electrical Power)] |
| (၃) | ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန | ဦးစီးအရာရှိ (သုတေသန) **(အမျိုးသား)** | ၄ နေရာ | မဟာဝိဇ္ဇာဘွဲ့ (ရှေးဟောင်းသုတေသန) [M.A (Archaeology)] |

( င ) **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

| **စဉ်** | **ဌာန** | **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|---|---|
| (၁) | အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာန | ဦးစီးအရာရှိ **(အမျိုးသား)** | ၈ နေရာ | ဥပဒေဘွဲ့/မဟာဥပဒေဘွဲ့ (LL.B/LL.M) |
| | | **(အမျိုးသမီး)** | ၁ နေရာ | ဝိဇ္ဇာဘွဲ့/မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [B.A/M.A (English)] |
| | | **(အမျိုးသမီး)** | ၂ နေရာ | ဝါဏိဇ္ဇဘွဲ့/မဟာဝါဏိဇ္ဇဘွဲ့ [B.Com/M.Com] |
| | | **(အမျိုးသမီး)** | ၁ နေရာ | ကွန်ပျူတာသိပ္ပံဘွဲ့/မဟာကွန်ပျူတာ သိပ္ပံဘွဲ့ (B.C.Sc/M.C.Sc)/ကွန်ပျူတာ နည်းပညာဘွဲ့/မဟာကွန်ပျူတာ နည်းပညာဘွဲ့ (B.C.Tech/M.C.Tech)/ သိပ္ပံဘွဲ့/မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) [B.Sc/M.Sc (Computer Science)] |
| (၂) | အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန | ဦးစီးအရာရှိ/ နည်းပြအရာရှိ | | |
| | | **(အမျိုးသား)** | ၃ နေရာ | မဟာဥပဒေဘွဲ့ (LL.M) |
| | | **(အမျိုးသမီး)** | ၂ နေရာ | |
| | | **(အမျိုးသား)** | ၃ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)] |
| | | **(အမျိုးသမီး)** | ၂ နေရာ | |
| | | **(အမျိုးသား)** | ၂ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc) |
| | | **(အမျိုးသမီး)** | ၂ နေရာ | |
| | | **(အမျိုးသား)** | ၂ နေရာ | မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech) |
| | | **(အမျိုးသမီး)** | ၂ နေရာ | |
| | | **(အမျိုးသား)** | ၁ နေရာ | စီးပွားရေးပညာဘွဲ့ (စာရင်းအင်း) [B.Econ (Statistics)] |
| | | **(အမျိုးသမီး)** | ၂ နေရာ | |
| | | **(အမျိုးသား)** | ၁ နေရာ | မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း) [M.Econ (Statistics)] |
| | | **(အမျိုးသမီး)** | ၂ နေရာ | |
| | | **(အမျိုးသား)** | ၁ နေရာ | ဝါဏိဇ္ဇဘွဲ့ (B.Com) |
| | | **(အမျိုးသမီး)** | ၃ နေရာ | |

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| **(အမျိုးသမီး)** | ၂ နေရာ | မဟာဝါဏိဇ္ဇဘွဲ့ (M.Com) |
| **(အမျိုးသား)** | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (စက်မှု) [B.E (Mechanical)] |
| **(အမျိုးသား)** | ၂ နေရာ | မဟာအင်ဂျင်နီယာဘွဲ့ (စက်မှု) [M.E (Mechanical)] |
| **(အမျိုးသား)** | ၃ နေရာ | အင်ဂျင်နီယာဘွဲ့ /မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) [B.E/M.E (Civil)] |
| **(အမျိုးသား)** | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်) [B.E (Electronics)] |
| **(အမျိုးသား)** | ၂ နေရာ | မဟာအင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်) [M.E (Electronics)] |
| **(အမျိုးသား)** | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (လျှပ်စစ်စွမ်းအား) [B.E (Electrical Power)] |
| **(အမျိုးသား)** | ၂ နေရာ | မဟာအင်ဂျင်နီယာဘွဲ့ (လျှပ်စစ်စွမ်းအား) [M.E (Electrical Power)] |
| **(အမျိုးသား)** | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [B.E (Information Technology)] |
| **(အမျိုးသား)** | ၃ နေရာ | မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E (Information Technology)] |

( စ ) **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| စားသုံးသူရေးရာ ဦးစီးဌာန | ဦးစီးအရာရှိ | ၁ နေရာ | မဟာဝါဏိဇ္ဇဘွဲ့ (M.Com) |
| | | ၁ နေရာ | မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း) [M.Econ (Statistics)] |
| | | ၄ နေရာ | မဟာစီးပွားရေးပညာဘွဲ့ (စီးပွားရေး) [M.Econ (Economics)] |
| | | ၂ နေရာ | မဟာသိပ္ပံဘွဲ့ (ကုန်ထုတ်ဓာတုဗေဒ) [M.Sc (Industrial Chemistry)] |
| | | ၁ နေရာ | ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech) |
| | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)] |
| | | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်) [B.E (Electronics)] |

(ဆ) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဦးစီးအရာရှိ | ၆ နေရာ | မဟာဝါဏိဇ္ဇဘွဲ့ (M.Com) |
| | ၅ နေရာ | မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) [M.Econ (Economics)] |
| | ၅ နေရာ | မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း) [M.Econ (Statistics)] |
| | ၃ နေရာ | စာရင်းကိုင်ပညာမဟာဘွဲ့ (M.Act) |
| | ၄ နေရာ | ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ မဟာဘွဲ့ (MBF) |
| | ၆ နေရာ | လက်မှတ်ရပြည်သူ့စာရင်းကိုင် အောင်လက်မှတ်ရရှိသူ (C.P.A) |
| | ၄ နေရာ | မဟာဥပဒေဘွဲ့ (LL.M) |
| | ၆ နေရာ | မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E (IT)] |
| | ၆ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc) |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အတွက် လျှောက်ထားသူများသည် **၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။**

(ဂ) လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြည်သူ့လွှတ်တော်ရုံး၊ သာသနာရေးဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့အတွက် လျှောက်ထားသူများသည် **၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်။**

(ဃ) အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအတွက် လျှောက်ထားသူများသည် **၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ်၊ မဟာဘွဲ့ရရှိသူများ ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) နှင့်** အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအတွက် လျှောက်ထားသူများသည် **ပြင်ပပုဂ္ဂိုလ်အသက် ၃၀ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက်မကျော်လွန်သူ ဖြစ်ရမည်။**

(င) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရန်ကုန်ရုံးခွဲ၊ အမှတ် (၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူနိုင်ပြီး **၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့**

နောက်ဆုံးထားပြီး လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့** ပေးပို့လျှောက်ထားရမည်။

၄။ ရေးဖြေစာမေးပွဲ (၁) ကြိမ်လျှင် ကြော်ငြာပါဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ လစ်လပ်ရာထူး ၂ မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး **ရာထူး ၂ မျိုးထက်ပိုမိုလျှောက်ထားပါက ကြော်ငြာပါအမှတ်စဉ်အလိုက် ရာထူး ၂ မျိုးသာ သတ်မှတ်ဖြေဆိုခွင့်ပြုပြီး ကျန်လျှောက်လွှာများကို ပယ်ဖျက်မည်ဖြစ်ပါသည်။**

၅။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်ထားသူသည် ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀၀ိ/- (ကျပ်ငါးထောင်) ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

၆။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ ပဏာမစစ်ဆေးခြင်း၊ ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၃၉၉/ရွေးချယ်ရေး (အဓိက) ၂၀၁၇ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၇။ **လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်၍ စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသော (ချလန်ရက်ကျော်) လျှောက်လွှာများ၊ ဝန်ကြီးဌာနခွင့်ပြုစာမပါရှိသည့် လက်ရှိနိုင်ငံ့ဝန်ထမ်းများ၏ လျှောက်လွှာများ၊ အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူမပါရှိသည့် ပြင်ပပုဂ္ဂိုလ်များ၏လျှောက်လွှာများ၊ စာစစ်ဌာနမပါရှိသည့်လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာဖြည့်စွက် ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ပဏာမစစ်ဆေးခြင်းနှင့် ဒုတိယအဆင့်ရေးဖြေစာမေးပွဲသို့ ဝင်ရောက် ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။**

၈။ **လက်ရှိနိုင်ငံ့ဝန်ထမ်းများသည်** လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုစာနှင့်အတူ လျှောက်လွှာပိတ်ရက် မတိုင်မီ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ ပေးပို့ရမည်။ **ရာထူး (၂) မျိုး လျှောက်ထားပါက ရာထူး (၂) မျိုးလုံးအတွက် ဝန်ကြီးဌာန၏ခွင့်ပြုစာကို ပူးတွဲပေးပို့ရမည်။** ကြိုတင် လျှောက်လွှာတစ်စောင်ကို **ဓာတ်ပုံအပို (၃) ပုံ**နှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ **၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်** (သောကြာနေ့) နောက်ဆုံးထားပြီးပေးပို့ရမည် ဖြစ်ပါသည်။

၉။ ပဏာမစစ်ဆေးခြင်းနှင့် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းတို့ကို **နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့တွင် စာစစ်ဌာန (၅) ခုဖြင့်** ကျင်းပမည်ဖြစ်သည့်အတွက် **စာစစ်ဌာန (၅) ခု အနက် မိမိတို့ဖြေဆိုမည့်စာစစ်ဌာန (၁) ခုကို ရွေးချယ်ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ စာစစ်ဌာန၌သာ ပဏာမစစ်ဆေးခြင်းနှင့် ဒုတိယအဆင့်ရေးဖြေစာမေးပွဲတို့ကို ဖြေဆိုခွင့် ပြုမည်ဖြစ်ပါသည်။**

၁၀။ **ပဏာမစစ်ဆေးခြင်းတွင် အင်္ဂလိပ်စာနှင့် သုတရေးရာဘာသာရပ်တို့ကို Multiple Choice Question Type စစ်ဆေးမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက် (စနေနေ့) တွင်** အင်္ဂလိပ်စာ ဘာသာရပ်ကို နံနက် ၀၉း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ ဖြေဆိုရမည်ဖြစ်၍ **ပဏာမ စစ်ဆေးခြင်း ဖြေဆိုပုံနည်းစနစ်ကို ရှင်းလင်းတင်ပြရန်ရှိပါသဖြင့် ဖြေဆိုသူများသည် နံနက် ၀၈း၃၀ နာရီတွင် စာမေးပွဲခန်းအတွင်း၌ နေရာယူပြီး ဖြစ်ရမည်ဖြစ်ပါသည်။** သုတရေးရာဘာသာရပ်ကို နံနက် ၁၁း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ ဖြေဆိုရမည်ဖြစ်၍ ဖြေဆိုသူများအနေဖြင့် **၁၀း၄၅ နာရီမှစတင်၍ စာမေးပွဲခန်းအတွင်း၌ ပြန်လည်နေရာယူပြီး ဖြစ်ရမည် ဖြစ်ပါသည်။**

၁၁။ **ပဏာမစစ်ဆေးခြင်းအတွက်ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းများကို ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှစ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website၊ Facebook နှင့် Myanmar National Portal တို့တွင် ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်နှင့် ၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်နေ့တို့တွင် နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ထုတ်ပေးမည်ဖြစ်ပါသည်။**

၁၂။ **ပဏာမစစ်ဆေးခြင်းအောင်မြင်သူများစာရင်းကို ဖြေဆိုပြီးရက်သတ္တ (၂) ပတ်အတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website၊ Facebook နှင့် Myanmar National Portal တို့တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကာ ပဏာမစစ်ဆေးခြင်း အောင်မြင်သူများကိုသာ ဒုတိယအဆင့် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့် ပြုမည်ဖြစ်ပါသည်။**

၁၃။ **ဒုတိယအဆင့်ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများအတွက် သက်ဆိုင်ရာ စာစစ်ဌာနအလိုက် ဖြေဆိုရမည့် ကျောင်း၊ စာဖြေခန်းတို့ကို ခုံအမှတ်စာရင်းများယှဉ်တွဲပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှစ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website၊ Facebook နှင့် Myanmar National Portal တို့တွင် ကြေညာပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နှင့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တို့တွင် နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ထုတ်ပေးမည်ဖြစ်ပါသည်။**

၁၄။ ဒုတိယအဆင့်ရေးဖြေစာမေးပွဲကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် (စနေနေ့) တွင် ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ မြန်မာစာနှင့် ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ အင်္ဂလိပ်စာဘာသာများကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် (တနင်္ဂနွေနေ့) တွင် ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ သုတရေးရာ ဘာသာကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၁၅။ ကြော်ငြာပါရာထူးတွင် **တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍** သီးခြားစည်းကမ်းချက်များရှိသည့် **သာသနာရေးဦးစီးဌာန** အတွက် ဦးအေးမင်းအောင်၊ ညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၃၁)၊ နေပြည်တော်၊ (ဖုန်း၊ ၀၆၇-၃၄၀၆၂၃၂) သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၆။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၉၀၅၂/၃၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၇။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website များဖြစ်သော ucsb.imis.com.mm ၊ www. ucsb. gov.mm နှင့် Facebook Page ဖြစ်သော Union Civil Service Board Myanmar နှင့် Myanmar National Portal ဖြစ်သော https:// www.myanmar.gov.mm တို့တွင်လည်း** ဖော်ပြထားပါသည်။

အမိန့်အရ

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရာထူးဝန်အဖွဲ့။

## Thawdar Ngway Yee Company Limited

## ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **Thawdar Ngway Yee Company Limited** ကို အစုရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၄. ၃. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးအောင်ကြီး
မန်နေးဂျင်းဒါရိုက်တာ
Thawdar Ngway Yee Co., Ltd

ဦးဇင်ဝေ
B.Com (AA); C.P.A (210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## RIG-THAI ENGINEERING (MYANMAR) COMPANY LIMITED

Notice Under Section 357 Myanmar Company Act.

For Eventual Liquidation

The above company's shareholders eventual meeting will be held on 30th March, 2019 at No. 136/138, 2C, First Floor, Anawrahta Road, Botahtaung Township, Yangon, Myanmar. Under the meeting, Daw Than Than Yu (B.Com, C.P.A, D.B.L) has been appointed Liquidator of the Company. Liquidator's report and return will be presented at the meeting and all member are invited to attend.

Daw Than Than Yu
(B.Com, C.P.A, D.B.L)
Certified Public Accountant
Liquidator

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၈-၃-၂၀၁၉။